# မန္တလေး နေ့စဉ်

The Mandalay Daily

၁၉၉၇ ခုနှစ် နိုဝင်ဘာလ ၃၀ ရက် စတင်ထုတ်ဝေသည်။

အတွဲ(၂၈)၊ အမှတ်(၇၁)၊ ၁၃၈၆ ခုနှစ်၊ တပို့တွဲလဆန်း ၁၁ ရက်၊ ၈-၂-၂၀၂၅၊ စနေနေ့ ။


**မြတ်ဗုဒ္ဓ၏ အဆုံးအမတရား**

စန္ဒကူးပန်း၊ တောင်ဇလပ်ပန်း၊ ကြာပန်း၊ မြတ်လေးပန်း စသော ပန်းနံ့သာတို့ထက် သီလတည်းဟူသော အနံ့သည် အတုမရှိ ထူးကဲလွန်မြတ်၏။

(ဓမ္မပဒ)

## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ရှေ့လုပ်ငန်းစဉ် (၅) ရပ်

၁။ လွတ်လပ်ပြီး တရားမျှတသော ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ အောင်မြင်စွာ ကျင်းပ နိုင်ရေး ပြည်ထောင်စုတစ်ဝန်းလုံး တည်ငြိမ်အေးချမ်း၍ တရားဥပဒေစိုးမိုးရေး အပြည့်အဝရရှိလာ အောင် အလေးထားဆောင်ရွက်သွားမည်။

၂။ တိုင်းရင်းသားပြည်သူတစ်ရပ်လုံးနှင့်အကျုံးဝင်သော စိုက်ပျိုးမွေးမြူရေးကို အခြေခံသည့် ကုန်ထုတ် လုပ်ငန်းများအား မြှင့်တင်၍ နိုင်ငံ့စီးပွားမြင့်မားရေးနှင့် ပြည်သူလူထုတစ်ရပ်လုံး၏ လူမှုစီးပွားဘဝ မြင့်မားရေး ဆက်လက်ကြိုးပမ်းဆောင်ရွက်သွားမည်။

၃။ နိုင်ငံတော်၏ ပကတိအနှစ်သာရဖြစ်သော ပြည်တွင်းငြိမ်းချမ်းရေးနှင့် ရရှိထားသည့် ပြည်တွင်း ငြိမ်းချမ်းရေးရလဒ်များ တည်ငြိမ်မှုရှိစေရေးအတွက် (NCA)ပါ သဘောတူညီချက်များအတိုင်း ဖြစ်နိုင်သမျှ အလေးထား လုပ်ဆောင်သွားမည်။

၄။ စစ်မှန်စည်းကမ်းပြည့်ဝသည့် ပါတီစုံဒီမိုကရေစီစနစ်ခိုင်မာစေရေးနှင့် ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ် ကို အခြေခံသည့် ပြည်ထောင်စုတည်ဆောက်ရေးလုပ်ငန်းစဉ်များကို အရှိန်အဟုန်ဖြင့် ဆက်လက် ဆောင်ရွက်သွားမည်။

၅။ ဆန္ဒမဲပေးပိုင်ခွင့်ရှိသူအားလုံး၏ အခွင့်အရေးများနစ်နာမှုမရှိစေရေးနှင့် နည်းလမ်းကျန မှန်ကန်မှု ရှိသည့် အထွေထွေရွေးကောက်ပွဲတစ်ရပ်ဖြစ်စေရေး ဆောင်ရွက်ခြင်း၊ အရေးပေါ်ကာလဆိုင်ရာ ပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ခြင်းတို့ပြီးစီးပါက လွတ်လပ်ပြီး တရားမျှတသော ပါတီစုံ ဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲကျင်းပ၍ ထွက်ပေါ်လာသည့်အစိုးရအား နိုင်ငံတော်တာဝန် လွှဲအပ်နိုင်ရေး ဆက်လက်ဆောင်ရွက်သွားမည်။





နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်နှင့်ဇနီး ဒေါ်ကြူကြူလှ မန္တလေးတိုင်းဒေသကြီး အင်းဝမြို့ဟောင်းရှိ လောကသရဖူရုပ်ပွားတော်မြတ်ကြီးအား ဖူးမြော်ကြည်ညိုစဉ်။

# နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် မန္တလေးတိုင်းဒေသကြီး အင်းဝမြို့ဟောင်းရှိ လောကသရဖူဘုရားကြီးနှင့် မောင်အိုအုတ်လမ်း ထိန်းသိမ်းထားရှိမှု သွားရောက်ကြည့်ရှုစစ်ဆေး

နေပြည်တော် ဖေဖော်ဝါရီ ၇

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်သည် ယနေ့မွန်းလွဲပိုင်းတွင် ဇနီးဒေါ်ကြူကြူလှ၊ ကောင်စီတွဲဖက်အတွင်းရေးမှူး ဗိုလ်ချုပ်ကြီး ရဲဝင်းဦး၊ ကောင်စီအဖွဲ့ဝင်များ၊ ပြည်ထောင်စုဝန်ကြီးများနှင့်ဇနီးများ၊ ကာကွယ်ရေးဦးစီးချုပ်ရုံးမှ အဆင့်မြင့်တပ်မတော်အရာရှိကြီးများနှင့် ဇနီးများ၊ မန္တလေးတိုင်းဒေသကြီးဝန်ကြီးချုပ်၊ အလယ်ပိုင်းတိုင်းစစ်ဌာန ချုပ်တိုင်းမှူးနှင့် တာဝန်ရှိသူများလိုက်ပါ၍ မန္တလေးတိုင်းဒေသကြီး အင်းဝမြို့ဟောင်းရှိ လောကသရဖူဘုရားကြီးနှင့် မောင်အိုအုတ်လမ်း ထိန်းသိမ်းထားရှိမှုအခြေအနေများကို သွားရောက်ကြည့်ရှုစစ်ဆေး သည်။

ဦးစွာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီး ချုပ်နှင့်ဇနီး၊ အဖွဲ့ဝင်များသည် လောကသရဖူဘုရားကြီးသို့ ရောက်ရှိကြပြီး အုတ်ပြာသာဒ်တော်အတွင်းရှိ လောကသရဖူရုပ်ပွားတော်ကြီး အား ဖူးမြော်ကြည်ညို၍ ပန်း၊ ရေချမ်း၊ ဆီမီး ကပ်လှူပူဇော်သည်။ ထို့နောက် ဘုရားကြီး အတွင်းအပြင်နှင့် လောကသရဖူရုပ်ပွားတော်မြတ်ကြီး ကိန်းဝပ်စံပယ်ရာ အုတ်ပြာသာဒ်၏ အနောက်ဘက်ကပ်လျက်တွင်

စာမျက်နှာ ၃ သို့ ☆

## မန္တလေးမြို့နှင့်အနီးတစ်ဝိုက်တွင် အများအားဖြင့် သာယာမည်

**(၂၀၂၅ ခုနှစ်၊ ဖေဖော်ဝါရီလ ၇ ရက်နေ့ ည(၇:၀၀)နာရီအချိန် ထုတ်ပြန်ချက်)**

**မနက်ဖြန်မွန်းတည့်ချိန်အထိ ခန့်မှန်းချက်မှာ** တနင်္သာရီတိုင်းဒေသကြီးနှင့် ကချင်ပြည်နယ်တို့တွင် နေရာကွက်ကျား မိုးအနည်းငယ်ရွာနိုင်ပါသည်။ ရွာရန်ရာနှုန်း ၆၀ ဖြစ်ပါသည်။ စစ်ကိုင်းတိုင်းဒေသကြီးအထက်ပိုင်း၊ ကရင်ပြည်နယ်နှင့် မွန်ပြည်နယ်တို့တွင် တိမ်အသင့်အတင့် ဖြစ်ထွန်းပြီး ကျန်တိုင်းဒေသကြီးနှင့် ပြည်နယ်တို့တွင် အများအားဖြင့် သာယာမည်။

**နောက်(၂)ရက်အတွက် ခန့်မှန်းချက်မှာ** မကွေးတိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီး၊ ကချင်ပြည်နယ်၊ ချင်းပြည်နယ်နှင့် ရှမ်းပြည်နယ်(မြောက်ပိုင်းနှင့် အရှေ့ပိုင်း)တို့တွင် ညအပူချိန်များ အနည်းငယ် လျော့နည်းနိုင်ပါသည်။

**နေပြည်တော်နှင့် အနီးတစ်ဝိုက်အတွက် မနက်ဖြန်မွန်းတည့်ချိန် အထိ ခန့်မှန်းချက်မှာ** အများအားဖြင့် သာယာမည်။

**ရန်ကုန်မြို့နှင့် အနီးတစ်ဝိုက်အတွက် မနက်ဖြန်မွန်းတည့်ချိန် အထိ ခန့်မှန်းချက်မှာ** အများအားဖြင့် သာယာမည်။

**မန္တလေးမြို့နှင့် အနီးတစ်ဝိုက်အတွက် မနက်ဖြန်မွန်းတည့်ချိန် အထိ ခန့်မှန်းချက်မှာ** အများအားဖြင့် သာယာမည်။

**လာမည့် စနေ၊ တနင်္ဂနွေအားလပ်ရက်များအတွက် မိုးလေဝသ ခန့်မှန်းချက်မှာ** နေပြည်တော်နှင့် မန္တလေးတိုင်းဒေသကြီးတို့တွင် အများအားဖြင့် သာယာပြီး၊ ရန်ကုန်တိုင်းဒေသကြီးတွင် တိမ်အသင့် အတင့် ဖြစ်ထွန်းမည်။

မိုး/ဇလ

၂၀၂၅ ခုနှစ်၊ ဖေဖော်ဝါရီ ၈ ရက်၊ စနေနေ့။

မန္တလေး

# စာဖတ်ခြင်းအလေ့အကျင့်ကောင်းကို ထာဝရလက်ကိုင်ထားရမည်

ဝါသနာဟူသည်မှာ အလေ့အကျင့် ထိတွေ့မှုများမှ ဆင်းသက်လာခြင်းဖြစ်သည်။ စာပေကို ဖတ်မှတ်နေမှသာ ကျောင်းသားသည် ထူးချွန်ထက်မြက်လာမည်ဖြစ်သည်။ စာများများဖတ်ခြင်းသည် စာဖတ်ဝါသနာကို ဖြစ်စေပါသည်။ လူ့ဘဝတွင် အရွယ်သုံးပါးသတ်မှတ်ထားသည်။ ပထမအရွယ်တွင် ဘဝတစ်ခုလုံး၏ အုတ်မြစ်ဖြစ်သော လူငယ်ကျောင်းသားဘဝဖြစ်သည်။ လူငယ်ဟူသည် အသက်ငယ်ရွယ်၍ အသိဉာဏ်နုနယ်သူများဖြစ်သည်။ လူငယ်တို့ဘဝတွင် စာပေလေ့လာမှုကို အလေ့အကျင့်ရှိခြင်းသည် မှန်ကန်သော ဘဝလမ်းကို ရွေးချယ်တည်ဆောက်နိုင်ရေးအတွက် ရင်းနှီးမြှုပ်နှံမှုပြုခြင်းဟု ဆိုချင်ပါသည်။ ယနေ့သည် နည်းပညာများ ဖွံ့ဖြိုးတိုးတက်နေသော ပညာခေတ်ဖြစ်သည်နှင့်အညီ နိုင်ငံ၏ အနာဂတ်ကြယ်ပွင့်များဖြစ်သော လူငယ်များက အသိပညာဗဟုသုတ ကျယ်ပြန့်ရေးအတွက် စာများများဖတ်သင့်ပါသည်။ လူငယ်တို့သည် အရာရာကို သိချင်တတ်ချင်၊ စမ်းသပ်ချင်စိတ်ဖြင့် ပတ်ဝန်းကျင်ကို စူးစမ်းလေ့လာတတ်သောလူငယ်တို့၏ ဗီဇနိုးကြားချိန်တွင် လမ်းမှန်ကိုရောက်အောင် ထိန်းကျောင်းပဲ့ပြင်ပေးနိုင်သော တန်ဆောင်ဆီမီးကား စာဖတ်ခြင်းဖြစ်သည်။

စာပေသည် အမှောင်ကိုခွင်း၍ အလင်းဆောင်ပေးသော တန်ဆောင်ဆီမီးဖြစ်သည်။ အမှားကိုမြင်လျှင် အမှန်သို့ ပြုပြင်နိုင်ရန် ဆင်ခြင်ဉာဏ်ကိုပေးသော လမ်းပြကြယ်ဖြစ်သည်။ "အလိမ္မာ စာမှာရှိ"ဟူသော စကားအတိုင်း လူငယ်များသည် စာဖတ်ခြင်းဖြင့် အသိအလိမ္မာကို တိုးပွားလာနိုင်မည်ဖြစ်သည်။ "စာအုပ်စာပေ လူ့မိတ်ဆွေ"ဆိုရိုးစကားနှင့်အညီ စာပေကို လေ့လာဖတ်ရှုခြင်းဖြင့် လူငယ်များ လမ်းမှားသို့ မရောက်ရှိနိုင်ပါ။ လူငယ်များအနေဖြင့် စာအုပ်စာပေများ ဖတ်ရှုရာတွင် မြန်မာ့စာပေများ၊ ကမ္ဘာ့စာပေများ၊ သုတ၊ ရသစာပေများကို စုံလင်စွာဖတ်ရှုသင့်သည်။ ထို့ကြောင့် လူငယ်ကျောင်းသားများအနေဖြင့် စာကိုဖတ်ပါ၊ များများဖတ်ပါ၊ စွဲစွဲမြဲမြဲဖတ်ကြပါ။ စာဖတ်ခြင်းဖြင့် ဝါသနာစွဲလာပြီဆိုလျှင် အကောင်းနှင့် အဆိုးကို ခွဲခြားတတ်လာပါမည်။ လူငယ်တို့ အသုံးချသင့်သည့် အသိပညာ၊ အသုံးမချသင့်သည့် အသိပညာကို ခွဲခြားလာနိုင်မည်ဖြစ်သည်။ အသိပညာနက်ရှိုင်းကျယ်ပြန့်ခြင်းဟူသော ဂုဏ်အရည်အချင်းကို ရရှိလာမည်ဖြစ်သည်။

စာပေသည် လူငယ်များအတွက် စိတ်ကိုပြုပြင်ရာတွင် အလွန်အစွမ်းထက်ပါသည်။ စာဖတ်ခြင်းဖြင့် ကိုယ်၊ နှုတ်၊ နှလုံး အမူအရာ သုံးပါးစလုံးကို ယဉ်ကျေးသိမ်မွေ့နူးညံ့စေပါသည်။ လူငယ်များအတွက် တိုးတက်မှု၊ ဆုတ်ယုတ်မှုတို့သည် ယင်းတို့၏ အသိဉာဏ်ရှိမှု၊ မရှိမှုအပေါ်တွင် မူတည်နေမည်ဖြစ်သည်။ အသိဉာဏ်ပညာ ကျယ်ပြန့်ဖို့အတွက် စာဖတ်ခြင်းသည် လူငယ်များအတွက် မရှိမဖြစ် လိုအပ်ချက်ဟု ဆိုချင်ပါသည်။ ထိုသဘောတရားနှင့် ပတ်သက်၍ ဆရာပီမိုးနင်းက "စိတ်ကို အသိဉာဏ်က အုပ်စိုး၏၊ အသိဉာဏ်ကို ဗဟုသုတက အုပ်စိုး၏၊ ဗဟုသုတကို စာပေက အုပ်စိုး၏"ဟူ၍ မိန့်ဆိုဖူးပါသည်။ ကမ္ဘာတစ်ဝန်းလုံးရှိ မည်သည့်စာရေးဆရာ၊ စာပေမျိုးကိုမဆို အင်တာနက်နှင့် ချိတ်ဆက်ပြီး အချိန်မရွေး ဖတ်ရှုနိုင်သည်။

သို့ဖြစ်ရာ အားလပ်သောအချိန်ကို စောင့်ဆိုင်းမနေဘဲ အချိန်ပေး၍ စာဖတ်ကြရန် လိုအပ်နေပြီဖြစ်သည်။ အောင်မြင်သော ဘဝကို ထုဆစ်လိုသူ လူငယ်တိုင်းသည် စာဖတ်ခြင်းအလေ့အကျင့်ကောင်းကို ထာဝရလက်ကိုင်ထား၍ အောင်မြင်တိုးတက်သော အခွင့်အလမ်းများစွာတို့ကို အမိအရဖမ်းဆုပ်နိုင်ကြစေရန် အားထုတ်ပြုမူနေထိုင်သင့်ကြောင်း ရေးသားလိုက်ရပေသည်။



# (၇၈)နှစ်မြောက် ပြည်ထောင်စုနေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် သာစည်မြို့နယ်၌ ကျေးရွာတွင်း ကွန်ကရစ်လမ်း ဖွင့်လှစ်

**သာစည် ဖေဖော်ဝါရီ ၇**

(၇၈)နှစ်မြောက် ပြည်ထောင်စုနေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် မန္တလေးတိုင်းဒေသကြီး သာစည်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ၂၀၂၄-၂၀၂၅ ဘဏ္ဍာရေးနှစ် ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစီမံကိန်း (VDP)ဖြင့် ဆောင်ရွက်ခဲ့သည့် လှိုင်းတက်ကျေးရွာတွင်း ကွန်ကရစ်လမ်း ဖွင့်ပွဲအခမ်းအနားကို ယနေ့ နံနက် ၁၀ နာရီက အဆိုပါလမ်းထိပ် မုခ်ဦး၌ ကျင်းပသည်။

ဖွင့်ပွဲအခမ်းအနားတွင် မိတ္ထီလာခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးဇော်တင်မိုးက အမှာစကားပြောကြားပြီး မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးမျိုးသက်ကျော်က ကျေးရွာဖွံ့ဖြိုးရေးနှင့် ပတ်သက်၍ ရှင်းလင်းပြောကြားသည်။

ဆက်လက်ပြီး ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူး ဦးမျိုးမင်းသောင်းက ကျေးဇူးတင်စကားပြောကြားသည်။

ထို့နောက် ခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးဇော်တင်မိုးနှင့်အဖွဲ့ဝင် ဦးကျော်ဇေယျ၊ ခရိုင်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဒေါ်မြင့်ဝင်း၊ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးမျိုးသက်ကျော်နှင့်အဖွဲ့ဝင် ဗိုလ်မှူးတေဇာမြင့်တို့က ကွန်ကရစ်လမ်းအား ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးသည်။(အပေါ်ပုံ)

၎င်းနောက် မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်မြသက်ဝင်းက ကွန်ကရစ်လမ်းခင်းခြင်း ဆောင်ရွက်ပြီးစီးမှု မှတ်တမ်းဂုဏ်ပြုလွှာကို ကျေးရွာဖွံ့ဖြိုးရေးကော်မတီထံ ပေးအပ်ပြီး တက်ရောက်လာသူများ အမှတ်တရ စုပေါင်းမှတ်တမ်းတင်ဓာတ်ပုံရိုက်သည်။

အဆိုပါလမ်းမှာ အရှည် ၁၇၀၀ ပေ၊ အကျယ် ၁၂ ပေနှင့် ထု ၆ လက်မရှိပြီး လမ်းခင်းခြင်းနှင့် ဆိုလာရေသန့်စင်စနစ်တပ်ဆင်ခြင်းတို့အတွက် စီမံကိန်းရန်ပုံငွေကျပ်သိန်း ၁၅၀ နှင့် ကျေးရွာပြည်သူထည့်ဝင်ငွေကျပ် ၁၄၈ သိန်းတို့ဖြင့် ဆောင်ရွက်ခဲ့ခြင်းဖြစ်ကြောင်း သိရပြီး လမ်းဖွင့်ပွဲသို့ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဝင်များနှင့် ဌာနဆိုင်ရာများ၊ ကျေးရွာပြည်သူများ တက်ရောက်ခဲ့ကြောင်း သိရသည်။

(၄၈၇)

# တံတားဦးမြို့နယ်တွင် အခြေခံပညာနှင့် စက်မှု၊ စိုက်ပျိုး၊ မွေးမြူရေးကျောင်းသို့ တက်ရောက်နိုင်ရေး Grade-9 ကျောင်းသား၊ ကျောင်းသူများနှင့် တွေ့ဆုံ

**တံတားဦး ဖေဖော်ဝါရီ ၇**

မန္တလေးတိုင်းဒေသကြီး တံတားဦးခရိုင်၊ တံတားဦးမြို့ အခြေခံပညာအထက်တန်းကျောင်းအတွင်း၌ ဖွင့်လှစ်ထားသော အခြေခံပညာနှင့် စက်မှု၊ စိုက်ပျိုး၊ မွေးမြူရေးကျောင်းသို့ တက်ရောက်နိုင်ရေး Grade-9ကျောင်းသား၊ ကျောင်းသူများနှင့် တွေ့ဆုံဆွေးနွေးပွဲကို ယနေ့ နံနက် ၁၁ နာရီက တံတားဦးမြို့ အခြေခံပညာအထက်တန်းကျောင်း ရတနာထွန်းခန်းမ၌ ကျင်းပသည်။ **(အောက်ပုံ)**

တွေ့ဆုံဆွေးနွေးပွဲတွင် တံတားဦးမြို့ အခြေခံပညာအထက်တန်းကျောင်း ကျောင်းအုပ်ဆရာကြီး ဦးကိုကိုမောင်က အမှာစကားပြောကြားသည်။

ဆက်လက်၍ မွေးမြူရေးကျောင်းအတွက် ဆရာမ ဒေါ်ငြိမ်းငြိမ်းစိုးက လည်းကောင်း၊ စိုက်ပျိုးရေးကျောင်းအတွက် ဆရာဦးဖြိုးမင်းထက်နှင့် ဆရာမ ဒေါ်အိအိအောင်က လည်းကောင်း၊ အခြေခံပညာနှင့် စက်မှု၊ စိုက်ပျိုး၊ မွေးမြူရေးကျောင်းသို့ တက်ရောက်နိုင်ရေးကို ဆရာမ ဒေါ်အေးငြိမ်းအောင်က လည်းကောင်း အသီးသီး ရှင်းလင်းဆွေးနွေးကြသည်။

ထို့နောက် တွေ့ဆုံဆွေးနွေးပွဲသို့ တက်ရောက်လာကြသည့် Grade-9 ကျောင်းသား၊ ကျောင်းသူများက မိမိတို့ သိရှိလိုသည်များကို ဆွေးနွေးမေးမြန်းကြရာ တာဝန်ရှိသူများက အသီးသီး ပြန်လည်ရှင်းလင်းပေးကြသည်။

အဆိုပါ အခြေခံပညာနှင့် စက်မှု၊ စိုက်ပျိုး၊ မွေးမြူရေးကျောင်းသို့ ၃ နှစ်တက်ရောက်ရမည်ဖြစ်ပြီး ထူးချွန်စွာ အောင်မြင်သူများကို တက္ကသိုလ်ကျောင်း၊ ကောလိပ်ကျောင်းများတွင် တက်ရောက်ပညာသင်ကြားနိုင်ကြောင်း သိရသည်။

**ဦးရဲတင့်(ပြန်/ဆက်)**



# ချမ်းမြသာစည်မြို့နယ်၌ အိမ်ထောင်စုအမှတ်စဉ် သတ်မှတ်ခြင်း၊ မိသားစုအမှတ်စဉ် သတ်မှတ်ခြင်းများ ကွင်းဆင်းဆောင်ရွက်

**မန္တလေး ဖေဖော်ဝါရီ ၇**

မန္တလေးတိုင်းဒေသကြီး၊ မဟာအောင်မြေခရိုင်၊ ချမ်းမြသာစည်မြို့နယ်၌ ယနေ့ နံနက်က လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန မဟာအောင်မြေခရိုင်၊ ချမ်းမြသာစည်မြို့နယ် ချမ်းမြသာစည်(တောင်)ရပ်ကွက်သို့ မြေပြင်ကွင်းဆင်းစစ်ဆေးခြင်း၊ အိမ်ထောင်စုအမှတ်စဉ် သတ်မှတ်ခြင်း၊ မိသားစုအမှတ်စဉ် သတ်မှတ်ခြင်းများကို မြေပြင်ကွင်းဆင်းဆောင်ရွက်ခဲ့သည်။

ထိုသို့ ကွင်းဆင်းဆောင်ရွက်ရာတွင် မန္တလေးတိုင်းဒေသကြီး ဦးစီးမှူး ဦးစိုးလွင်၊ မဟာအောင်မြေခရိုင်ဦးစီးမှူး ဦးဇင်ထက်နှင့် ချမ်းမြသာစည်မြို့နယ်ဦးစီးမှူး ဦးရဲမင်းထွန်းတို့သည် ချမ်းမြသာစည်မြို့နယ်၊ ချမ်းမြသာစည်(တောင်)ရပ်ကွက်တွင် မြေပြင်ကွင်းဆင်းစစ်ဆေးခြင်း၊ အိမ်ထောင်စုအမှတ်စဉ် သတ်မှတ်ခြင်း၊ မိသားစုအမှတ်စဉ် သတ်မှတ်ခြင်း ကွင်းဆင်းဆောင်ရွက်နေမှုအား ကြည့်ရှုစစ်ဆေးခဲ့ပြီး လိုအပ်သည်များ မှာကြားခဲ့ကြောင်း သိရသည်။

(ဝ၅၆)

## သတင်းများ Online မှ တစ်ဆင့် ပေးပို့နိုင်

မန္တလေးနေ့စဉ်သတင်းစာတိုက်သို့ ပေးပို့လျက်ရှိသော သတင်းများအား **mdydailynewspaper @gmail.com** မှ တစ်ဆင့် အချိန်မီ ပေးပို့နိုင်ကြောင်း သိရသည်။

**(မန္တလေးနေ့စဉ်)**

မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ မန္တလေးနေ့စဉ်သတင်းစာကို ထုတ်ဝေခွင့်အမှတ်(၀၁၀၄၁) မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီပုံနှိပ်တိုက် ပုံနှိပ်ထုတ်ဝေခွင့် (၀၁၂၈၀)၊ ၃၅လမ်းနှင့် ၇၁လမ်းထောင့်တွင် ပုံနှိပ်ထုတ်ဝေသည်။ စာတိုက်သေတ္တာအမှတ်(၃၆)၊ ကြေးနန်းလိပ်စာ မန်း/နေ့စဉ်၊ အယ်ဒီတာ၊ သတင်းထောက်၊ ကွန်ပျူတာ၊ စာပြင်၊ ဖြန့်ချိရေး၊ ပုံနှိပ် ဖုန်း ၀၂-၂၈၄၇၃၉၈၊ ၀၂-၂၈၃၂၀၀၇ ၊ mdydailynewspaper@gmail.com

ကြော်ငြာဌာန
ဖုန်း/ Fax-၀၂-၄၀၆၉၉၆၂၊
၂၉လမ်း၊၇၃လမ်းနှင့်၇၄လမ်းကြား၊

☆ ရှေ့ဖုံးမှ

တည်ထားပူဇော်သည့် မဟာလောကသင်းကျစ်စေတီတော်ကြီးတို့အား လက်ယာရစ် လှည့်လည်ပူဇော်ပြီး ပရိဝုဏ်တော်အတွင်းရှိသာသနိကအဆောက်အအုံများ ထိန်းသိမ်းထားရှိမှုများကို ကြည့်ရှုစစ်ဆေးရာ တာဝန်ရှိသူများက လောကသရဖူဘုရားကြီးနှင့် မဟာလောကသင်းကျစ်စေတီတော်ကြီးတို့၏ သမိုင်းအကျဉ်းနှင့် ခေတ်အဆက်ဆက် ပြုပြင်မွမ်းမံ ထိန်းသိမ်းထားရှိမှု အခြေအနေများကို ရှင်းလင်းတင်ပြကြသည်။

ရှင်းလင်းတင်ပြမှုများအပေါ် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်က ဘုရားကြီး၏ အတွင်းဘက်နံရံများပေါ်ရှိ မှန်စီရွှေချများသည် ခေတ်ကာလကြာမြင့်ပြီဖြစ်ပြီး ယိုယွင်းပျက်စီးမှုများဖြစ်ပေါ်လျက်ရှိသဖြင့် မူလလက်ရာမပျက် ပြန်လည်မွမ်းမံသွားရန်လိုကြောင်း၊ ဘုရားကြီးရင်ပြင်တော်မျက်နှာပြင် ညီညာမှုရှိစေရေးနှင့် ရေဝင်ရေထွက်ကောင်းမွန်ကာ ရေရှည်တည်တံ့ခိုင်မြဲစေရေး စနစ်တကျ ပြန်လည်သုတေသနပြု၍ ဆောင်ရွက်သွားရန်လိုကြောင်း၊ ရှေးဟောင်းသာသနိက အဆောက်အအုံများကိုလည်း စနစ်တကျဖြင့် ထိန်းသိမ်းစောင့်ရှောက်သွားရန်လိုကြောင်း၊ ဘုရားကြီးပတ်လည်ရှိ ဆွမ်းလောင်းစောင်းတန်းများကိုလည်း မူလလက်ရာမပျက်ပြန်လည်ပြုပြင်ခြင်း၊ မွမ်းမံခြင်းများ ဆောင်ရွက်သွားရန်လိုပြီး ရှေးဟောင်းလက်ရာနှင့် ရှေးဟောင်းယဉ်ကျေးမှုအမွေအနှစ်များကို ဆက်လက်ထိန်းသိမ်းဆောင်ရွက်သွားရမည်ဖြစ်ကြောင်း၊ ဘုရားကြီးနှင့် သာသနိကအဆောက်အအုံများအား နေ့ညမပျက် ဆီမီးပူဇော်နိုင်ရေးအတွက်လည်း ဆိုလာလျှပ်စစ်မီး ဆက်ကပ်ပူဇော်နိုင်ရေး စီစဉ်ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်းနှင့် အခြားလိုအပ်သည်များကို မှာကြားသည်။

ယင်းနောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်သည် ဘုရားကြီးဧည့်သည်တော်မှတ်တမ်းစာအုပ်တွင် လက်မှတ်ရေးထိုးပူဇော်ပြီး နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့်ဇနီးတို့က ဘုရားကြီးအတွက် ဘက်စုံအလှူတော်ငွေများကို ပေးအပ်လှူဒါန်းရာ ဂေါပကအဖွဲ့ဝင်များက လက်ခံရယူပြီး ဓမ္မလက်ဆောင်များ ပြန်လည်ပေးအပ်သည်။

အဆိုပါ လောကသရဖူဘုရားကြီးအား ဒုတိယအင်းဝခေတ် ညောင်ရမ်းမင်းဆက် ကိုးဆက်မြောက်ဖြစ်သော ဆင်ဖြူရှင် တနင်္ဂနွေမင်းကြီးက အေဒီ ၁၇၃၀၊ သက္ကရာဇ် ၁၀၉၂ ခုနှစ်တွင် စတင်တည်ထားပြီး မပြီးစီးမီ နတ်ရွာစံခဲ့သဖြင့် သားတော် မဟာဓမ္မရာဇာဓိပတိ ကြာသပတေးမင်း ဟံသာဝတီရောက်မင်းက အေဒီ ၁၇၃၃၊ သက္ကရာဇ် ၁၀၉၅ ခုနှစ်တွင် ဆက်လက်ထုလုပ်ခဲ့ကာ အုတ်ပြာသာဒ်ဖြင့် တည်ထားကိုးကွယ်ခဲ့ကြောင်း၊ လောကသရဖူရုပ်ပွားတော်ကြီးသည် တစ်တုံးတည်းသော စကျင်ကျောက်သားကြီးကို မြေအောက်တစ်ဝက်၊ မြေပေါ်တစ်ဝက် စိုက်ထူထုဆစ်ပူဇော်ခဲ့ခြင်းဖြစ်ပြီး ဉာဏ်တော်အမြင့်မှာ ၁၈ တောင် ၁ မိုက်၊ တင်ပျဉ်ခွေတော်အကျယ် ၁၂ တောင် ၁ မိုက်ဖြစ်ပြီး အလေးချိန်အားဖြင့် ၄၉၀ ဒသမ ၃၆ တန်ဖြစ်ကြောင်း၊ လောကသရဖူရုပ်ပွားတော်မြတ်ကြီး ကိန်းဝပ်စံပယ်ရာ အုတ်ပြာသာဒ်၏ အနောက်ဘက်ကပ်လျက်တွင် မဟာလောကသင်းကျစ်ဟူ၍ စေတီတော်တစ်ဆူကို တည်ထားကိုးကွယ်ခဲ့ကြောင်း၊ သက္ကရာဇ် ၁၁၄၀ ပြည့်နှစ်တွင် ကုန်းဘောင်မင်းဆက်ဖြစ်သော စဉ့်ကူးမင်းက စေတီတော်ကို ငုံ၍ ထပ်မံတည်ဆောက်ပူဇော်ခဲ့ပြီး ဘိုးတော်ဘုရား၏သားတော် ပခန်းမင်းသား ဟံသာဝတီမင်းနှင့် ပုဂံမင်းတို့ကလည်း ပြုပြင်ခဲ့ကြကြောင်း၊ သက္ကရာဇ် ၁၂၀၀ ပြည့်နှစ်တွင် ငလျင်ကြီးလှုပ်ခဲ့သဖြင့် မဟာလောကသင်းကျစ်စေတီတော်နှင့် လောကသရဖူရုပ်ပွားတော်ကြီး စံပယ်ရာအုတ်ပြာသာဒ်တော်တို့ မြေခဲ့ရပြီး မင်းတုန်းမင်းက ပြန်လည်ပြုပြင်တည်ဆောက်ခဲ့သော်လည်း အပြီးမသတ်နိုင်ခဲ့ကြောင်း၊ လက်ရှိအခြေအနေအတိုင်း ဖူးတွေ့ရသည်မှာ စစ်ကိုင်းတောင်ရိုး ဒီပါအေးမြချောင် ဆရာတော် ဦးနန္ဒသီရိက သက္ကရာဇ် ၁၃၄၂ ခုနှစ်တွင် ပြန်လည်ပြုပြင်တည်ဆောက် ပူဇော်ခဲ့ခြင်းဖြစ်ကြောင်းနှင့် ခေတ်အဆက်ဆက်တာဝန်ရှိသူများက ဆက်လက်မွမ်းမံပြုပြင်ထိန်းသိမ်းခဲ့ကြခြင်းဖြစ်ကြောင်း သိရှိရသည်။

ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့် အဖွဲ့ဝင်များသည် အင်းဝမြို့ဟောင်းရှိ မြို့ရိုးနှင့် ကျုံးတို့အား ကြည့်ရှုစစ်ဆေးပြီး မြို့နေရာနှင့် မြို့ရိုးတို့အား စဉ်ဆက်မပြတ် ထိန်းသိမ်းစောင့်ရှောက်မှုများ ပြုလုပ်ရေးနှင့် ကျုံးအား ရှေးမူမပျက်မွမ်းမံ၍ ပြန်လည်ထိန်းသိမ်းရန်လိုအပ်မှုအခြေအနေများနှင့်ပတ်သက်၍ လမ်းညွှန်မှာကြားသည်။

ဆက်လက်၍ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့် အဖွဲ့ဝင်များသည် တံတားဦး-အင်းဝ လမ်းပိုင်းရှိ မဟာဇေယျပထ-မောင်အိုတံတားနှင့် အုတ်လမ်းအား ကြည့်ရှုစစ်ဆေးပြီး တာဝန်ရှိသူများ၏ တင်ပြချက်များအပေါ် တံတားအား ရှေးမူလလက်ရာအတိုင်း ပြန်လည်ပြုပြင်ထိန်းသိမ်းမွမ်းမံနိုင်ရန်အတွက် ပြင်ဆင်ဆောင်ရွက်မည်ဆိုပါက ဖြစ်ပေါ်လာနိုင်သည့် အကျိုး-အပြစ်များအား စနစ်တကျ သုတေသနပြုလုပ်၍ တင်ပြသွားရန်၊ မူလအုတ်လမ်းအား သုတေသနပြုလုပ်ရန်နှင့် အခြားလိုအပ်သည်များကို မှာကြားခဲ့ပြီး လမ်းတစ်လျှောက် မော်တော်ယာဉ်များဖြင့် လှည့်လည်ကြည့်ရှုစစ်ဆေးခဲ့ကြောင်း သိရသည်။

သတင်းစဉ်



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် လောကသရဖူဘုရားကြီး ပရိဝုဏ်တော်အတွင်းရှိ သာသနိကအဆောက်အအုံများ ထိန်းသိမ်းထားရှိမှုကို ကြည့်ရှုစစ်ဆေးစဉ်။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်နှင့် ဇနီးဒေါ်ကြူကြူလှတို့ လောကသရဖူဘုရားကြီးအတွက် ဘက်စုံအလှူတော်ငွေများ ပေးအပ်လှူဒါန်းရာ ဂေါပကအဖွဲ့ဝင်များက ဓမ္မလက်ဆောင်များ ပြန်လည်ပေးအပ်စဉ်။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် တံတားဦး-အင်းဝလမ်းပိုင်းရှိ မဟာဇေယျပထ-မောင်အိုတံတားနှင့် အုတ်လမ်းအား ကြည့်ရှုစစ်ဆေးစဉ်။

# လက်နက်ကိုင်အကြမ်းဖက်သောင်းကျန်းသူများ၏ အသုံးချမှုမခံရစေရေးနှင့် ဘေးကင်းလုံခြုံမှုရှိစေရေးတို့အတွက် သတိပြုကြရန် လိုအပ်

လက်နက်ကိုင်အကြမ်းဖက်သောင်းကျန်းသူများအနေဖြင့် ၎င်းတို့ အစမ္မဝင်ရောက်နေထိုင်နေသည့် မြို့၊ ရွာများ၌ တပ်မတော်၏ တန်ပြန်ထိုးစစ်ဆင်မှုများကို ကာကွယ်ရန်အတွက် ပြည်သူတို့၏ နေအိမ်အဆောက်အအုံများ၊ အရပ်ဘက်အုပ်ချုပ်မှုဆိုင်ရာ အဆောက်အအုံများကို အသုံးပြုခြင်း၊ အပြစ်မဲ့ပြည်သူလူထုကို လူသားတံတိုင်းအဖြစ် အသုံးပြုနိုင်ရေး ယာယီနေရပ်စွန့်ခွာနေရသူများကို ပြန်လည်နေထိုင်ရန် ဆွဲဆောင်စည်းရုံးခြင်း၊ အတင်းအဓမ္မလူသစ်စုဆောင်းခြင်းများကို လုပ်ဆောင်လျက်ရှိကြောင်း၊ တပ်မတော်အနေဖြင့် နိုင်ငံတော်၏ အချုပ်အခြာအာဏာကို မဖြစ်မနေကာကွယ်စောင့်ရှောက်သွားမည်ဖြစ်ပြီး အဆိုပါ လက်နက်ကိုင် အကြမ်းဖက်သောင်းကျန်းသူများ၏ သတင်းရရှိမှုနှင့် အခြေအနေအရပ်ရပ်အပေါ် မူတည်၍ လိုအပ်သလို တုံ့ပြန်ဆောင်ရွက်သွားမည်ဖြစ်သဖြင့် ၎င်းတို့ အစမ္မဝင်ရောက်နေထိုင်လျက်ရှိသည့် မြို့၊ ရွာများရှိ ပြည်သူများအနေဖြင့် ၎င်းတို့၏အသုံးချမှုမခံရစေရေးနှင့် ဘေးကင်းလုံခြုံမှုရှိစေရေးတို့အတွက် သတိပြုကြရန် လိုအပ်ကြောင်း။

(၃-၉-၂၀၂၄ ရက်နေ့တွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ရှမ်းပြည်နယ် အစိုးရအဖွဲ့ဝင်များ၊ ပြည်နယ်နှင့် ခရိုင်အဆင့် ဌာနဆိုင်ရာတာဝန်ရှိသူများအား ပြောကြားသည့် အမှာစကားမှ ကောက်နုတ်ချက်)

## ဒုတိယဝန်ကြီးချုပ်နှင့် ပြည်ထောင်စုဝန်ကြီး ဦးသန်းဆွေ ဘင်္ဂလားဒေ့ရှ်သံအမတ်ကြီးအား လက်ခံတွေ့ဆုံ



နေပြည်တော် ဖေဖော်ဝါရီ ၇

ဒုတိယဝန်ကြီးချုပ်နှင့် နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးသန်းဆွေသည် မြန်မာနိုင်ငံဆိုင်ရာ ဘင်္ဂလားဒေ့ရှ် ပြည်သူ့သမ္မတနိုင်ငံသံအမတ်ကြီး ဒေါက်တာ မိုဟာမက် မွန်(န)ဝါ ဟူစိန်အား ယနေ့နံနက် ၁၀ နာရီတွင် နေပြည်တော်ရှိ နိုင်ငံခြားရေးဝန်ကြီးဌာန၌ လက်ခံတွေ့ဆုံသည်။

ထိုသို့တွေ့ဆုံစဉ် ပိုမိုနီးကပ်သည့် စီးပွားရေးပူးပေါင်းဆောင်ရွက်မှုမြှင့်တင်ရေး အပါအဝင် နှစ်နိုင်ငံဆက်ဆံရေး ပိုမိုခိုင်မာရေးနည်းလမ်းများကို အမြင်ချင်းဖလှယ်ခဲ့ကြပြီး နှစ်နိုင်ငံအကြား ကုန်သွယ်မှုနှင့် ရင်းနှီးမြှုပ်နှံမှုတိုးမြှင့်နိုင်ရေး အလားအလာများကို ဆွေးနွေးခဲ့ကြသည်။

သတင်းစဉ်

## အာဆီယံလွတ်လပ်သော ကုန်သွယ်မှုဒေသကောင်စီဝန်ကြီးများအစည်းအဝေး ကျင်းပ




နေပြည်တော် ဖေဖော်ဝါရီ ၇

မြန်မာနိုင်ငံ၏ အာဆီယံလွတ်လပ်သော ကုန်သွယ်မှုဒေသကောင်စီဝန်ကြီး၊ ရင်းနှီးမြှုပ်နှံမှုနှင့် နိုင်ငံခြားစီးပွားဆက်သွယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာကံဇော်သည် ယနေ့မွန်းလွဲပိုင်းတွင် အာဆီယံကုန်စည်ကုန်သွယ်ရေး သဘောတူစာချုပ် အဆင့်မြှင့်တင်ခြင်းဆိုင်ရာ ဓေ့စပ်ညှိနှိုင်းမှုများနှင့် စပ်လျဉ်းသည့် အာဆီယံလွတ်လပ်သော ကုန်သွယ်မှုဒေသကောင်စီဝန်ကြီးများ အစည်းအဝေးသို့ ဗီဒီယိုကွန်ဖရင့်စနစ်ဖြင့် ပါဝင်တက်ရောက်သည်။

အစည်းအဝေးတွင် စင်ကာပူနိုင်ငံ ဒုတိယဝန်ကြီးချုပ်နှင့် ကုန်သွယ်ရေးနှင့် စက်မှုဝန်ကြီးဌာန ဝန်ကြီး H.E. Gan Kim Yong က အစည်းအဝေး သဘာပတိအဖြစ်ဆောင်ရွက်ပြီး အာဆီယံလွတ်လပ်သော ကုန်သွယ်မှုဒေသကောင်စီဝန်ကြီးများ၊ အာဆီယံအဆင့်မြင့် စီးပွားရေးအရာရှိဖြစ်သူ နိုင်ငံခြားစီးပွားဆက်သွယ်ရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဒေါက်တာမာလာမျိုးညွှန့်၊ အာဆီယံ ဒုတိယအတွင်းရေးမှူးချုပ်နှင့် တာဝန်ရှိသူများတက်ရောက်ကြသည်။

အစည်းအဝေးတွင် ဝန်ကြီးများသည် ၂၀၂၅ ခုနှစ် မတ်လ၌ အာဆီယံ ကုန်စည်ကုန်သွယ်ရေးသဘောတူစာချုပ် အဆင့်မြှင့်တင်ခြင်းညှိနှိုင်းမှုများ အပြီးသတ်နိုင်ရေးအတွက် လမ်းညွှန်ချက်ပေးရန်ကိစ္စရပ်များ၊ အာဆီယံ ကုန်စည်ကုန်သွယ်ရေးသဘောတူစာချုပ် ဒုတိယအခြေပြစာချုပ် ချုပ်ဆိုရေးဆောင်ရွက်မည့် အစီအစဉ်များကို ဆွေးနွေးညှိနှိုင်းကြသည်။

အာဆီယံကုန်စည် ကုန်သွယ်ရေးသဘောတူစာချုပ် အဆင့်မြှင့်တင်ခြင်းဆိုင်ရာ ဓေ့စပ်ညှိနှိုင်းမှုများကို ၂၀၂၂ ခုနှစ် မတ်လတွင် စတင်ခဲ့ပြီး ၂၀၂၅ ခုနှစ် မတ်လတွင် အပြီးသတ်ရန် အာဆီယံနိုင်ငံများက ရည်မှန်းထားကြောင်း သိရသည်။

သတင်းစဉ်

## (၇၈) နှစ်မြောက်ပြည်ထောင်စုနေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် ရေကြည်မြို့နယ် အသုတ်နယ်မြေ မီးသတ်စခန်းသစ်အဆောက်အအုံဖွင့်ပွဲ ကျင်းပ



ရေကြည် ဖေဖော်ဝါရီ ၇

ဧရာဝတီတိုင်းဒေသကြီး ရေကြည်မြို့နယ်တွင် (၇၈) နှစ်မြောက်ပြည်ထောင်စုနေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် ရေကြည်မြို့နယ် အသုတ်နယ်မြေ မီးသတ်စခန်း အဆောက်အအုံသစ် ဖွင့်ပွဲအခမ်းအနားကို ယမန်နေ့နံနက်ပိုင်းက အဆိုပါမီးသတ်စခန်းအဆောက်အအုံသစ်ရှေ့တွင် ကျင်းပသည်။

ဖွင့်ပွဲတွင် တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးတင်မောင်ဝင်းနှင့် အစိုးရအဖွဲ့ဝင်ဝန်ကြီးများက အဆောက်အအုံသစ်အား ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးခဲ့ပြီး ဝန်ကြီးချုပ်ထံသို့ တိုင်းဒေသကြီးမီးသတ်ဦးစီးမှူးက ဖွင့်ပွဲအထိမ်းအမှတ်လက်ဆောင် ပေးအပ်ခဲ့သည်။ ထို့နောက် စုပေါင်းမှတ်တမ်းတင်ဓာတ်ပုံရိုက်ကူးပြီး ကမ္ပည်းမော်ကွန်းအား အမွှေးနံ့သာရည်များ ပက်ဖျန်းပေးကာ ဝန်ကြီးချုပ်နှင့် ဧည့်သည်တော်များက မီးသတ်စခန်းအဆောက်အအုံသစ်အား လှည့်လည်ကြည့်ရှုစစ်ဆေးခဲ့သည်။

အဆိုပါအသုတ်နယ်မြေမီးသတ်စခန်းသည် ၂၀၂၄-၂၀၂၅ ခု ဘဏ္ဍာရေးနှစ် ခွင့်ပြုရန်ပုံငွေဖြင့် ဆောက်လုပ်သည့် RC နှစ်ထပ် အဆောက်အအုံဖြစ်ကြောင်း သိရသည်။

မြို့နယ်(ပြန်/ဆက်)

# တပ်မတော်ပင်လယ်သွားဆေးရုံရေယာဉ်(သံလွင်) ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများဆောင်ရွက်ပြီး ပြန်လည်ရောက်ရှိ

နေပြည်တော် ဖေဖော်ဝါရီ ၇

တပ်မတော် နယ်လှည့်အထူးကုဆေးအဖွဲ့မှ ပါရဂူများ၊ ဆေးမှူးများနှင့် သူနာပြုများပါဝင်သည့် တပ်မတော်ပင်လယ်သွားဆေးရုံရေယာဉ်(သံလွင်)သည် တနင်္သာရီကမ်းရိုးတန်းတစ်လျှောက်ရှိ မြို့နယ်၊ ကျေးရွာများ၊ ရန်ကုန်တိုင်းဒေသကြီး ကိုကိုးကျွန်းမြို့နယ်နှင့် ဧရာဝတီတိုင်းဒေသကြီး ဟိုင်းကြီးကျွန်းမြို့နယ်အတွင်းရှိ ပတ်ဝန်းကျင်ကျေးရွာများမှ ဒေသခံပြည်သူများအား ဇန်နဝါရီ ၁၆ ရက်မှ ဖေဖော်ဝါရီ ၅ ရက်အထိ ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများဆောင်ရွက်ပေးပြီး ယနေ့နံနက်ပိုင်းတွင် ရန်ကုန်မြို့ အမှတ်(၂) ရေတပ်ဆိပ်ခံတံတား(သီလဝါ)သို့ ပြန်လည်ရောက်ရှိလာရာ သန်လျင်တပ်နယ်မှ ဗိုလ်မှူးချုပ်သိန်းထူး ဦးဆောင်သော တပ်မတော်(ရေ)မှ အရာရှိကြီးများ၊ အရာရှိ၊ စစ်သည်၊ မိသားစုများက ကြိုဆိုနှုတ်ဆက်ကြသည်။



အဆိုပါ တပ်မတော်ပင်လယ်သွား ဆေးရုံရေယာဉ်(သံလွင်)မှ အထူးကုဆေးအဖွဲ့များသည် တနင်္သာရီကမ်းရိုးတန်းဒေသများဖြစ်သော ပုလောမြို့နယ် မလိကျွန်းပတ်ဝန်းကျင်ကျေးရွာများ၊ ကျွန်းစုမြို့နယ် ကျွန်းစုမြို့ ပတ်ဝန်းကျင်ကျေးရွာများ၊ ဘုတ်ပြင်းမြို့နယ် ပုလဲကျွန်းပတ်ဝန်းကျင်ကျေးရွာများ၊ ကော့သောင်းမြို့နယ် ဇာဒက်ကြီးကျွန်းပတ်ဝန်းကျင်ကျေးရွာများ၊ ရန်ကုန်တိုင်းဒေသကြီး ကိုကိုးကျွန်းမြို့နယ်အနီးတစ်ဝိုက်ဒေသများနှင့် ဧရာဝတီတိုင်းဒေသကြီး ငပုတောမြို့နယ် ဟိုင်းကြီးကျွန်းမြို့နှင့်ချောင်းဝကျေးရွာ အနီးဝန်းကျင်ကျေးရွာများရှိ ဒေသခံပြည်သူများအား ကျန်းမာရေးစောင့်ရှောက်မှုဆိုင်ရာဆောင်ရွက်ပေးမှုအနေဖြင့် ဆေးကုသမှုဆိုင်ရာရောဂါ ၁၇၃၂ ဦး၊ ခွဲစိတ်ရောဂါ ၄၃၉ ဦး၊ သားဖွားမီးယပ်ရောဂါ ၃၉၉ ဦး၊ ကလေးရောဂါ ၅၂၈ ဦး၊ အရိုးရောဂါ ၈၉၄ ဦး၊ နား၊ နှာခေါင်း၊ လည်ချောင်းရောဂါ ၃၆၀၊ မျက်စိရောဂါ ၁၄၀၄ ဦးနှင့် သွားနှင့်ခံတွင်းရောဂါ ၈၀၃ ဦး စုစုပေါင်းဒေသခံပြည်သူ ၆၅၅၉ ဦးတို့ကို လိုအပ်သည့်ဆေးဝါးကုသမှုများ ဆောင်ရွက်ပေးနိုင်ခဲ့ပြီး ၎င်းတို့အနက် အထွေထွေခွဲစိတ်လူနာ ၇၁ ဦး၊ မျက်စိခွဲစိတ်လူနာ ၁၂၅ ဦးတို့ကို ဆေးရုံရေယာဉ်ပေါ်တွင် ခွဲစိတ်ကုသမှုများ ဆောင်ရွက်ပေးခဲ့သည်။

ထို့ပြင် ဓာတ်မှန်ရိုက်လူနာ ၂၅၁ ဦး၊ အာထရာဆောင်းဖြင့် စမ်းသပ်စစ်ဆေး လူနာ ၄၃၀၊ ECG စက်ဖြင့် နှလုံးစမ်းသပ်လူနာ ၄၉၉ ဦးနှင့် ဓာတ်ခွဲစမ်းသပ်လူနာ ၆၇၂ ဦးတို့ကိုရောဂါရှာဖွေစမ်းသပ်ကုသပေးခြင်းများ ဆောင်ရွက်ပေးနိုင်ခဲ့ကာ ကိုယ်ဝန်ဆောင်မိခင်တစ်ဦးအား အောင်မြင်စွာခွဲစိတ်မွေးဖွားပေးနိုင်ခဲ့ပြီး ဆေးရုံတက်ရောက်ကုသရန်လိုအပ်သော ဒေသခံပြည်သူ ၉၃ ဦးတို့ကိုလည်း သက်ဆိုင်ရာမြို့နယ်အသီးသီးရှိ တပ်မတော်ဆေးရုံများနှင့် ပြည်သူ့ဆေးရုံများသို့ တက်ရောက်ကုသနိုင်ရေး စီစဉ်ဆောင်ရွက်ပေးနိုင်ခဲ့သည်။

တပ်မတော်ပင်လယ်သွား ဆေးရုံရေယာဉ်(သံလွင်)ဖြင့် ပြန်လည်ရောက်ရှိလာသည့် တပ်မတော်နယ်လှည့်အထူးကုဆေးအဖွဲ့များအား နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်က ဂုဏ်ပြုပေးအပ်ချီးမြှင့်သော လက်ဆောင်ပစ္စည်းများကို နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်ကိုယ်စား ဗိုလ်မှူးချုပ်သိန်းထူးက ပေးအပ်ချီးမြှင့်ခဲ့ပြီး စားသောက်ဖွယ်ရာများဖြင့် တည်ခင်းဧည့်ခံခဲ့သည်။

တပ်မတော် ပင်လယ်သွားဆေးရုံရေယာဉ်(သံလွင်)ဖြင့် ၂၀၁၆ ခုနှစ်မှစ၍ မြန်မာ့ပင်လယ်ကမ်းရိုးတန်းဒေသများနှင့် ပတ်ဝန်းကျင်ကျေးရွာများရှိ ဒေသခံပြည်သူများအား ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်ပေးလျက်ရှိရာ ယခုခရီးစဉ်သည် (၁၈)ကြိမ်မြောက်ဖြစ်ပြီး ဒေသခံပြည်သူ စုစုပေါင်း ၁၆၃၆၄၆ ဦးတို့ကို ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်ပေးနိုင်ခဲ့ကြောင်းနှင့် ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ သွားရောက်ဆောင်ရွက်ခဲ့သည့် ခရီးစဉ်များအတွင်း ကိုယ်ဝန်ဆောင် မိခင် ၂၂ ဦးတို့အား အောင်မြင်စွာ မွေးဖွားပေးနိုင်ခဲ့ကြောင်း သိရသည်။ **သတင်းစဉ်**

## တပ်ကုန်းမြို့၌ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌဖလား ဘောလုံးအားကစားပြိုင်ပွဲ ကျင်းပ

တပ်ကုန်း ဖေဖော်ဝါရီ ၇

ပြည်ထောင်စုနယ်မြေ နေပြည်တော်တပ်ကုန်းမြို့နယ်တွင် (၇၈) နှစ်မြောက် ပြည်ထောင်စုနေ့အထိမ်းအမှတ် မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌဖလား အမျိုးသားဘောလုံးအားကစားပြိုင်ပွဲကျင်းပလျက်ရှိရာ အနော်ရထာရပ်ကွက်အသင်းနှင့် မြဝတီရပ်ကွက်အသင်းတို့ ဖေဖော်ဝါရီ ၇ ရက် မွန်းလွဲ ၃ နာရီခွဲက မြို့နယ်အားကစားကွင်းတွင် အကြိုဗိုလ်လုပွဲ ယှဉ်ပြိုင်ကစားခဲ့ကြသည်။

အဆိုပါပြိုင်ပွဲတွင် အနော်ရထာရပ်ကွက်အသင်းက မြဝတီရပ်ကွက်အသင်းကို နှစ်ဂိုး - တစ်ဂိုးဖြင့် အနိုင်ရရှိခဲ့ပြီး အနော်ရထာရပ်ကွက်အသင်း ဗိုလ်လုပွဲတက်ရောက်နိုင်ခဲ့သည်။ အနော်ရထာရပ်ကွက်အသင်းနှင့် မြဝတီရပ်ကွက်အသင်းတို့ အကြိုဗိုလ်လုယှဉ်ပြိုင်ပွဲ တစ်လျှောက်လုံး အကောင်းဆုံး အားကစားသမားဆုကို အနော်ရထာရပ်ကွက်အသင်းမှ ကျောနံပါတ် ၆ အလယ်တန်းကစားသမား မောင်ကောင်းသန့်က ရရှိခဲ့ပြီး ဆုတံဆိပ်ကို ပြိုင်ပွဲကျင်းပရေးဆပ်ကော်မတီဝင်တစ်ဦးက ချီးမြှင့်ပေးအပ်ခဲ့ကြောင်း သိရသည်။

တင်စိုးလွင်

## ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဆိုင်ရာကိစ္စရပ်များအပေါ် စုံစမ်းမေးမြန်းခြင်းနှင့် သတင်းပို့ခြင်းပြုလုပ်နိုင်

၁။ ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဆိုင်ရာကိစ္စရပ်များနှင့်စပ်လျဉ်း၍ သိရှိလိုသည်များကို စုံစမ်းမေးမြန်းရန်နှင့် သတင်းပို့တိုင်ကြားရန်တို့အတွက် တိုင်းဒေသကြီးနှင့်ပြည်နယ်အသီးသီးရှိ ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့များ၏ အောက်ပါဖုန်းနံပါတ်များသို့ **ရုံးချိန်အတွင်း** ဆက်သွယ်နိုင်ပါကြောင်း ထုတ်ပြန်အပ်ပါသည်-

(က) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဗဟိုအဖွဲ့ ဥက္ကဋ္ဌရုံး(နေပြည်တော်)
 (၁) ၀၆၇-၃၄၀၄၉၁၁၊ ၀၆၇-၃၄၀၄၉၂၂၊ ၀၆၇-၃၄၀၄၉၃၃၊ ၀၆၇-၃၄၀၄၉၄၄၊ ၀၆၇-၃၄၀၄၉၅၅
 (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၀၁

(ခ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (နေပြည်တော်ကောင်စီ)
 (၁) ၀၆၇-၄၅၅၀၄၈၈၊ ၀၆၇-၄၅၅၀၄၉၉
 (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၀၂

(ဂ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ကချင်ပြည်နယ်)
 (၁) ၀၉-၃၄၉၀၃၅၅၃၄၊ ၀၉-၃၄၉၀၃၈၃၇၆
 (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၃၄၉၀၃၈၃၇၆

(ဃ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ကယားပြည်နယ်)
 (၁) ၀၉-၃၄၉၀၁၅၈၄၇၊ ၀၉-၃၄၉၀၁၄၄၈၆
 (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၁၀၀၆၆၃၈

(င) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ကရင်ပြည်နယ်)
 (၁) ၀၅၈-၂၀၂၄၅၃၀၊ ၀၅၈-၂၀၂၃၅၃၁
 (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၆၉၁၁၁၉၁၀

(စ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ချင်းပြည်နယ်)
 (၁) ၀၇၀-၂၀၂၂၃၆၈၊ ၀၇၀-၂၀၂၂၅၉၉
 (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန်၀၉-၈၉၀၉၃၇၅၇၄

(ဆ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (စစ်ကိုင်းတိုင်းဒေသကြီး)
 (၁) ၀၇၁-၂၀၃၂၀၉၁၊ ၀၇၁-၂၀၃၂၀၉၂
 (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၀၇

(ဇ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (တနင်္သာရီတိုင်းဒေသကြီး)
 (၁) ၀၅၉-၂၀၂၄၀၃၇၊ ၀၅၉-၂၀၂၄၀၃၈
 (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၀၈

(ဈ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ပဲခူးတိုင်းဒေသကြီး)
 (၁) ၀၅၂-၂၂၀၁၉၃၉၊ ၀၅၂-၂၂၀၁၉၄၉
 (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၀၉

(ည) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (မကွေးတိုင်းဒေသကြီး)
 (၁) ၀၆၃-၂၀၂၈၈၇၈၊ ၀၆၃-၂၀၂၈၈၇၉
 (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၁၀

(ဋ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (မန္တလေးတိုင်းဒေသကြီး)
 (၁) ၀၂-၄၀၂၁၂၄၅၊ ၀၂-၄၀၂၁၂၄၆
 (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၁၁

(ဌ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (မွန်ပြည်နယ်)
 (၁) ၀၅၇-၂၀၂၇၉၃၅၊ ၀၅၇-၂၀၂၇၉၃၆
 (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၁၂

(ဍ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ရခိုင်ပြည်နယ်)
 (၁) ၀၉-၂၅၅၀၀၂၅၁၇၊ ၀၉-၂၅၅၀၀၂၅၁၈
 (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၁၃

(ဎ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ရန်ကုန်တိုင်းဒေသကြီး)
 (၁) ၀၁-၈၃၀၀၀၁၆၊ ၀၁-၈၃၀၀၀၁၇
 (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၁၄

(ဏ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ရှမ်းပြည်နယ်)
 (၁) ၀၈၁-၂၁၂၄၅၄၀၊ ၀၈၁-၂၁၂၄၉၉၅
 (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၁၅

(တ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ဧရာဝတီတိုင်းဒေသကြီး)
 (၁) ၀၄၂-၂၀၂၅၉၉၃၊ ၀၄၂-၂၀၂၅၉၉၄
 (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၁၆

၂။ ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဆိုင်ရာ ကိစ္စရပ်များနှင့်စပ်လျဉ်း၍ စုံစမ်းမေးမြန်းခြင်း၊ မသမာမှုများနှင့်ပတ်သက်၍ တိုင်ကြားခြင်းများအား တိကျစွာဆက်သွယ်သတင်းပို့နိုင်ပါကြောင်းနှင့် မမှန်မကန် သတင်းပို့ခြင်း၊ တိုင်ကြားခြင်းများပြုလုပ်ပါက ဖော်ထုတ်၍ တည်ဆဲဥပဒေများနှင့်အညီ အရေးယူသွားမည်ဖြစ်ပါကြောင်း အသိပေးအပ်ပါသည်။

ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဗဟိုအဖွဲ့

**ပြည်သူ့စစ်မှုထမ်းနည်းဥပဒေများအား ဖတ်ရှုနိုင်ရန် ဖော်ပြပေးထားသော Website နှင့် Webportal စာရင်း**

၁။ ကာကွယ်ရေးဝန်ကြီးဌာန https://www.mod.gov.mm

၂။ ဥပဒေရေးရာဝန်ကြီးဌာန https://www.mlis.gov.mm

၃။ ပြန်ကြားရေးဝန်ကြီးဌာန https://www.moi.gov.mm

၄။ Myawady Webportal https://myawady.net.mm

၅။ Myanmar National Portal https://myanmar.gov.mm

# နိုင်ငံတော်အစိုးရအနေဖြင့် အွန်လိုင်းလိမ်လည်မှုနှင့် အခြားဒုစရိုက်လုပ်ငန်းများကို နှိမ်နင်းဆောင်ရွက်လျက်ရှိမှု အခြေအနေများ၊ ပြည်သူ့စစ်မှုထမ်းဆိုင်ရာ မေးမြန်းမှုများနှင့်ပတ်သက်၍ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ သတင်းထုတ်ပြန်ရေးအဖွဲ့ခေါင်းဆောင် ဗိုလ်ချုပ်ဇော်မင်းထွန်း၏ပြောကြားချက်

၇-၂-၂၀၂၅

**ဒီနေ့မှာတော့ မီဒီယာများမေးမြန်းနေကြတဲ့ အွန်လိုင်းလိမ်လည်မှုနဲ့အခြားဒုစရိုက်လုပ်ငန်းများကို နိုင်ငံတော်အစိုးရအနေနဲ့ နှိမ်နင်းနေတဲ့အခြေအနေနှင့် ပြည်သူ့စစ်မှုထမ်းကိစ္စတွေနဲ့ ပတ်သက်ပြီး မေးမြန်းထားတာတွေကို ပြန်လည်ဖြေကြားသွားပါမယ်။**

ကျွန်တော်တို့ မြန်မာနိုင်ငံအစိုးရအနေနဲ့ တရားမဝင်အွန်လိုင်းလောင်းကစား ငွေကြေးလိမ်လည်မှု ကျားဖြန့်နဲ့ အခြားဒုစရိုက်လုပ်ငန်းတွေကို နိုင်ငံတကာနဲ့ပူးပေါင်းပြီး ကျယ်ကျယ်ပြန့်ပြန့် နှိမ်နင်းဆောင်ရွက်လျက်ရှိပါတယ်။ ဒီနှစ် ဖေဖော်ဝါရီ ၃ ရက် ပြည်ထောင်စုအစိုးရအဖွဲ့ လုပ်ငန်းညှိနှိုင်းအစည်းအဝေးမှာလည်း တိုင်းဒေသကြီးနဲ့ ပြည်နယ်ဝန်ကြီးချုပ်တွေ၊ ပြည်ထောင်စုအစိုးရအဖွဲ့ဝန်ကြီးတွေကို တရားမဝင် အွန်လိုင်းလောင်းကစားနဲ့ ငွေကြေးလိမ်လည်မှု ကျားဖြန့်ကိုအကြောင်းပြုပြီး နိုင်ငံတော်မှာ အခက်အခဲတွေဖြစ်ပေါ်နေတဲ့အတွက် ထိထိရောက်ရောက် အရေးယူမှုတွေ ဆောင်ရွက်ခဲ့ကြောင်း နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်အနေနဲ့ ပြောကြားခဲ့ပါတယ်။ နိုင်ငံတော်အစိုးရအနေနဲ့ နိုင်ငံတကာနဲ့ပူးပေါင်းပြီး အဲဒီဒုစရိုက်မှုနှိမ်နင်းရေးကို တက်ကြွကျယ်ပြန့်စွာ ဆောင်ရွက်လျက်ရှိကြောင်းလည်း ပြောကြားခဲ့ပါတယ်။ တရားမဝင်အွန်လိုင်းလောင်းကစားနဲ့ ငွေကြေးလိမ်လည်မှုလုပ်ငန်းတွေ၊ အခြားဒုစရိုက်လုပ်ငန်းတွေ မရှိစေရေး မဖြစ်ပေါ်စေရေးအတွက် ဖော်ထုတ်အရေးယူခြင်းတွေကို တင်းတင်းကျပ်ကျပ် ပြတ်ပြတ်သားသား ကိုင်တွယ်ဆောင်ရွက်သွားကြဖို့ လိုအပ်ကြောင်း ပြောကြားခဲ့ပါတယ်။ ၎င်းအပြင် မူးယစ်ဆေးဝါးကိစ္စတွေ၊ အခြားဒုစရိုက်မှုတွေပါ ပါဝင်ဆောင်ရွက်နေသူတွေအပြင် သက်ဆိုင်ရာနယ်မြေအလိုက် တာဝန်ရှိသူတွေ ပတ်သက်နေလို့ရှိရင် အားလုံးကို ထိရောက်စွာ အရေးယူဆောင်ရွက်သွားမှာဖြစ်ကြောင်း အားလုံးက အလေးထားလိုက်နာ ဆောင်ရွက်သွားကြဖို့ လေးနက်စွာ ပြောကြားခဲ့ပါတယ်။ အွန်လိုင်းလောင်းကစားမှုတွေနဲ့ပတ်သက်ပြီး နှိမ်နင်းရေးတွေ ဆောင်ရွက်ရာမှာ ထိုင်း-မြန်မာနယ်စပ်ဒေသဖြစ်တဲ့ မြဝတီမြို့အနီး ရွှေကုက္ကိုနဲ့ KK Park နယ်မြေအတွင်းမှာလည်း အွန်လိုင်းလိမ်လည်မှု အွန်လိုင်းလောင်းကစားမှုတွေ ကျူးလွန်ဖို့ အဓမ္မလူကုန်ကူးခြင်းခံရတဲ့ တရုတ်နိုင်ငံသား ၃၉ ဦး၊ ကာဇက်စတန်နိုင်ငံသားတစ်ဦး၊ အင်ဒိုနီးရှားနိုင်ငံသား ငါးဦး၊ အီသီယိုးပီးယားနိုင်ငံသား တစ်ဦး၊ ပါကစ္စတန်နိုင်ငံသား တစ်ဦး၊ မလေးရှားနိုင်ငံသား တစ်ဦး၊ အိန္ဒိယနိုင်ငံသား ၁၃ ဦး စုစုပေါင်း ၆၁ ဦး တို့ကို ဖော်ထုတ်ရရှိပြီး ၂၀၂၅ ခုနှစ်၊ ဖေဖော်ဝါရီ ၆ ရက်မှာ မြန်မာနိုင်ငံတော်အစိုးရ တာဝန်ရှိတဲ့သူများ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့၊ လူဝင်မှုကြီးကြပ်ရေးအဖွဲ့ တာဝန်ရှိသူတွေက ထိုင်းနိုင်ငံဘက်က တာဝန်ရှိသူတွေကို လွှဲပြောင်းပေးအပ်ခဲ့ပါတယ်။ ၎င်းတို့ကို စစ်ဆေးမေးမြန်းချက်တွေအရ သူတို့သည် ကွန်ပျူတာနဲ့ပတ်သက်တဲ့လုပ်ငန်းတွေ၊ ဘာသာပြန်လုပ်ငန်းတွေမှာ လစာတွေအများအပြား လုပ်ကိုင်ရမည်ဟု အွန်လိုင်းကနေတစ်ဆင့် သွေးဆောင်စည်းရုံးခြင်း၊ မက်လုံးပေးသိမ်းသွင်းခြင်း၊ လိမ်လည်ခြင်းခံခဲ့ရကြောင်း သိရပါတယ်။ သူတို့က သက်ဆိုင်ရာနိုင်ငံအသီးသီးကနေ ထိုင်းနိုင်ငံ ဗန်ကောက်မြို့ ၎င်းမှတစ်ဆင့် မြန်မာ-ထိုင်းနယ်စပ်မြို့ဖြစ်တဲ့ မဲဆောက်မြို့ကို ကနဦး ရောက်ရှိလာပြီး တရားမဝင် ကျားဖြန့်လုပ်ငန်းမှ ကိုယ်စားလှယ်တွေက ထိုင်း-မြန်မာ နယ်စပ်မှာရှိတဲ့ သောင်ရင်းမြစ်ကို တရားမဝင် ဖြတ်ကျော်ခေါ်ဆောင်ပြီး မြဝတီ ရွှေကုက္ကိုနဲ့ KK park နယ်မြေအတွင်း အွန်လိုင်းလိမ်လည်မှုတွေ၊ အွန်လိုင်းလောင်းကစားမှုတွေမှာ ပါဝင်လုပ်ဆောင်ရန် အတင်းအဓမ္မစေခိုင်းခြင်းခံခဲ့ရကြောင်း သိရှိခဲ့ရပါတယ်။




အလားတူ ရှမ်းပြည်နယ်အရှေ့မြောက် အရှေ့ဘက်မှာလည်း အွန်လိုင်းလိမ်လည်မှု ကျားဖြန့်နဲ့ ပတ်သက်တဲ့၊ အခြားဒုစရိုက်မှုတွေနဲ့ပတ်သက်တဲ့ ဒုစရိုက်မှုတွေကို နိုင်ငံတော်အစိုးရအနေနဲ့ စစ်ဆင်ရေးတစ်ရပ်သဖွယ် ဆောင်ရွက်လျက်ရှိပါတယ်။ ယခုလ ဖေဖော်ဝါရီ ၅ ရက်မှာ ရှမ်းပြည်နယ် မိုင်းရယ်မြို့ မိုင်းဟာဒေသအတွင်းမှာ ကျားဖြန့်လုပ်ငန်းတွေ ဆောင်ရွက်နေတယ်ဆိုတဲ့ သတင်းအရ လုံခြုံရေးတပ်ဖွဲ့တွေဟာ သွားရောက်ပြီး နယ်မြေစစ်ဆေးမှုတွေ ဆောင်ရွက်ခဲ့ပါတယ်။ မိုင်းရယ်မြို့နယ် မိုင်းဟာဒေသ နောင်ဟန်ရွာအနီးမှာ ကျားဖြန့်လုပ်ငန်းတွေ ဆောင်ရွက်နေတဲ့ အဆောက်အအုံခုနစ်လုံးကို တွေ့ရှိတဲ့အတွက် ဝင်ရောက်ပြီး ရှင်းလင်းခဲ့ရာမှာ လက်နက်တွေ၊ ခဲယမ်းတွေနဲ့အတူ ကျားဖြန့်လုပ်ငန်းတွေလုပ်ကိုင်ရာမှာ အသုံးပြုတဲ့ ဖုန်း ၁၈၁ လုံး၊ လပ်တော့ ၂၅ လုံး၊ Desktop ၂၁ လုံး၊ ကီးဘုတ် ၂၈ ခုနဲ့ ဝိုင်ဖိုင်စက်နှစ်လုံး၊ Star Link အင်တာနက်ဆက်သွယ်ရေး စက်နှစ်စုံနဲ့ ဆိုလာတွေ၊ ဘက်ထရီတွေ ဖမ်းဆီးရမိခဲ့ပါတယ်။

တစ်ချိန်တည်း တစ်ပြိုင်တည်းမှာပဲ မိုင်းရယ်မြို့ အရှေ့တောင်ဘက် သတင်းရတဲ့နေရာကို သွားရောက်ရှင်းလင်းတဲ့အခါမှာ ကျားဖြန့်လုပ်ငန်းကိုအကာအကွယ်ပေးနေတဲ့ လက်နက်ကိုင်သောင်းကျန်းသူ ငါးဦးရဲ့ ပစ်ခတ်တာခံခဲ့ရပါတယ်။ မိမိဘက်ကလည်း ပြန်လည်ပစ်ခတ်ခဲ့ပါတယ်။ သေဆုံးဒဏ်ရာရရှိမှု အနည်းငယ်ရှိခဲ့ပါတယ်။ အဲဒီမှာတော့ တရုတ်နိုင်ငံသား ကျားခုနစ်ဦး၊ မ တစ်ဦး၊ မြန်မာနိုင်ငံသား ကျား ရှစ်ဦး၊ မလေးဦးတို့ကို လက်နက်ခြောက်လက်နဲ့အတူ ဖမ်းဆီးရမိခဲ့ပါတယ်။ ၎င်းနယ်မြေကို ဖေဖော်ဝါရီ ၆ ရက်နေ့မှာ အသေးစိတ်စစ်ဆေးမှုတွေ ဆောင်ရွက်ခဲ့ပါတယ်။ ဆောင်ရွက်ခဲ့တဲ့နေရာမှာ မိုင်းကောင်ရဲ့အနောက်တောင်ဘက်နေရာ နှစ်နေရာကနေ ထွက်ပြေးတိမ်းရှောင်နေတဲ့ တရုတ်နိုင်ငံသား ကျား သုံးဦး၊ မ တစ်ဦး ထပ်မံဖမ်းဆီးရမိခဲ့ပါတယ်။ ဒါ့အပြင် မိုင်းကောင်ရဲ့ အနောက်တောင်ဘက်ကို ထပ်မံရှာဖွေတဲ့နေရာမှာ ထွက်ပြေးတိမ်းရှောင်နေတဲ့ ဗီယက်နမ်နိုင်ငံသား မ ၁၈ ဦး၊ မြန်မာနိုင်ငံသား ကျား နှစ်ဦး၊ မ ၂၅ ဦးနဲ့ စုစုပေါင်း ၄၅ ဦးတို့ကို ကွန်ပျူတာ ၇၂ လုံး၊ Star Link အင်တာနက်စက် ငါးလုံး၊ ဖုန်းမျိုးစုံ ၇၉ လုံး၊ ငါးဂိမ်းစက်ငါးလုံး၊ မော်တော်ယာဉ် နှစ်စီးတို့နဲ့အတူ ဖမ်းဆီးရမိခဲ့ပါတယ်။ ဖမ်းဆီးရမိသူတွေကို လိုအပ်တဲ့စုံစမ်းစစ်ဆေးမှုတွေ ပြုလုပ်ပြီး လုပ်ထုံးလုပ်နည်းတွေအတိုင်း ဆက်လက်ဆောင်ရွက်သွားမှာဖြစ်ပါတယ်။ ဒီအွန်လိုင်းလောင်းကစားမှု၊ ငွေကြေးလိမ်လည်မှုတွေနဲ့ ပတ်သက်ပြီး နယ်စပ်ဒေသတွေမှာဖြစ်ပေါ်နေတဲ့ တရားမဝင် အွန်လိုင်းလောင်းကစားမှုတွေကို နှိမ်နင်းဆောင်ရွက်လျက်ရှိမှု အခြေအနေတွေနဲ့စပ်လျဉ်းပြီးလည်း မြန်မာနိုင်ငံအစိုးရအနေနဲ့ ဇန်နဝါရီ ၂၀ ရက်မှာ ပွင့်လင်းမြင်သာစွာ သတင်းထုတ်ပြန်ခဲ့ပြီးဖြစ်ပါတယ်။ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်အစိုးရအဖွဲ့အစည်းအဝေးမှာ ညွှန်ကြားခဲ့သလို မြန်မာနိုင်ငံအစိုးရအနေနဲ့ အွန်လိုင်းလိမ်လည်မှု၊ လောင်းကစားမှုတွေဟာ မိမိတို့မြန်မာနိုင်ငံသူ နိုင်ငံသားတွေသာမကဘဲနဲ့ လူသားအားလုံးအပေါ်မှာ လိမ်လည်ဖြစ်မှုကျူးလွန်ခြင်း၊ အခြားဆက်စပ် ဖြစ်မှုကျူးလွန်ခြင်းတွေဖြစ်တဲ့အတွက် နိုင်ငံတကာအဖွဲ့အစည်းတွေနဲ့ပူးပေါင်းပြီး ပြတ်ပြတ်သားသား ချေမှုန်းသွားမှာဖြစ်ကြောင်း ပြောကြားလိုပါတယ်။

နောက်တစ်ခုက ပြည်သူ့စစ်မှုထမ်းဥပဒေနဲ့ ပတ်သက်ပြီး ပြည်သူ့စစ်မှုထမ်းနည်းဥပဒေ ထွက်ပေါ်လာပြီးနောက်ပိုင်းမှာ ပြည်ဖျက်မီဒီယာတွေ၊ အကြမ်းဖက်လှုံ့ဆော်သူတွေအနေနဲ့ ပြည်သူလူထုကို ထင်ယောင်ထင်မှားဖြစ်အောင်၊ ကြောက်လန့်အောင် လုပ်ဆောင်လျက်ရှိကြောင်း တွေ့ရှိရပါတယ်။ ပြည်သူ့စစ်မှုထမ်း နည်းဥပဒေနဲ့ပတ်သက်ပြီး ကျယ်ကျယ်ပြန့်ပြန့် ဖတ်ရှုလေ့လာနိုင်စေရေး ဆောင်ရွက်ထားရှိပြီးဖြစ်ပါတယ်။ ကာကွယ်ရေးဝန်ကြီးဌာနရဲ့ Website၊ webportal၊ ဥပဒေရေးရာဝန်ကြီးဌာနရဲ့ Website၊ webportal နဲ့ ပြန်ကြားရေးဝန်ကြီးဌာနရဲ့ Website၊ webportal၊ မြဝတီ webportal၊ Myanmar National portal တို့မှာ ဖတ်ရှုလေ့လာနိုင်ပါတယ်။ ဒါ့အပြင် ပြည်သူ့စစ်မှုထမ်းကိစ္စတွေနဲ့ပတ်သက်ပြီး ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဆိုင်ရာ ကိစ္စတွေနဲ့စပ်လျဉ်းပြီး စုံစမ်းမေးမြန်းတာတွေ မသမာမှုတွေနဲ့ပတ်သက်ပြီး တိုင်ကြားခြင်းတွေကို တိကျစွာဆက်သွယ်သတင်းပေးပို့နိုင်ကြောင်းနဲ့ မမှန်မကန်သတင်းပို့ခြင်း၊ တိုင်းကြားခြင်းများပြုလုပ်ပါက ဖော်ထုတ်ပြီး တည်ဆဲဥပဒေများနှင့်အညီ အရေးယူသွားမည်ဖြစ်ကြောင်း အသိပေးထားတာကို ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဗဟိုအဖွဲ့က ထုတ်ပြန်ခဲ့ပြီးဖြစ်ပါတယ်။ ထိုနေရာမှာလည်း Update ပြုလုပ်ပေးထားတဲ့ ဖုန်းနံပါတ်တွေကို ဖော်ပြထားပြီးဖြစ်ပါတယ်။ ဒါနဲ့ပတ်သက်ပြီး ဒီနေရာကနေ သတင်းပေးတိုင်ကြားခဲ့လို့လည်း မသမာမှုတွေနဲ့ပတ်သက်ပြီး စုံစမ်းမေးမြန်းခြင်း၊ အရေးယူခြင်းတွေ ဆောင်ရွက်ခဲ့ပြီးဖြစ်ပါတယ်။ နောက်တစ်ခုကတော့ ပြည်သူ့စစ်မှုထမ်းဥပဒေမှာရော နည်းဥပဒေမှာရော အမျိုးသမီး အသက်ဘယ်လောက်၊ အမျိုးသားအသက်ဘယ်လောက်ဆိုတာ ပြောခဲ့ပြီးဖြစ်ပါတယ်။ ဒါကို မူတည်ပြီးတော့ အမျိုးသမီးတွေကို ခြိမ်းခြောက်နေတာမျိုးတွေရှိကြောင်းလည်း တွေ့ရှိရပါတယ်။ ဒါနဲ့ပတ်သက်ပြီး ကျွန်တော့်အနေနဲ့အတိအလင်း ပြောကြားလိုတာကတော့ ပြည်သူ့စစ်မှုထမ်းဥပဒေ၊ နည်းဥပဒေမှာ အမျိုးသမီးတွေ စစ်မှုထမ်းဖို့အတွက် အကျုံးဝင်သော်လည်း အမျိုးသမီးပြည်သူ့စစ်မှုထမ်းတွေကို ဆင့်ခေါ်ရန် အစီအစဉ်မရှိသေးကြောင်း ကျွန်တော့်အနေနဲ့ပြောကြားလိုပါတယ်။

## ပခုက္ကူနှင့် ဖျူးမြို့နယ်ရှိ စိုက်ပျိုးရေးနှင့်မွေးမြူရေးလုပ်ငန်းများသို့ တာဝန်ရှိသူများ ကွင်းဆင်းကြီးကြပ်

ပခုက္ကူ ဖေဖော်ဝါရီ ၇

ပခုက္ကူတိုင်းဒေသကြီး ပခုက္ကူမြို့နယ်ရှိ ဥဿာစိုက်ပျိုးမွေးမြူရေးနှင့် ကုန်ထုတ်သမဝါယမအသင်းလီမိတက်က ဆောင်ရွက်လျက်ရှိသည့် ဒေသကြက်၊ အသားတိုးကြက်မျိုးဖြစ်သည့် CP ကြက်၊ ဘဲနှင့် ငါးမွေးမြူရေးလုပ်ငန်းဆောင်ရွက်နေမှုများနှင့် ဖျူးမြို့နယ်ရှိ လူငယ့်အားမာန်စိုက်ပျိုးရေးနှင့် လုပ်ငန်းစုံသမဝါယမအသင်းလီမိတက်က စိုက်ပျိုးထားရှိသည့် ရေဆင်းစပ်မျိုး(၁) နေကြာ၊ မတ်ပဲ၊ နှမ်းစပါးနှင့် ပိုက်ဆံလျှော်များ စိုက်ပျိုးထားရှိမှုအခြေအနေများကို ပခုက္ကူတိုင်းဒေသကြီး သမဝါယမဦးစီးဌာန ညွှန်ကြားရေးမှူး ဒေါ်ချောစုလှိုင်သည် တာဝန်ရှိသူများနှင့်အတူ ဖေဖော်ဝါရီ ၆ ရက်က သွားရောက်၍ ကွင်းဆင်းကြီးကြပ် ဆောင်ရွက်သည်။

### ဖြန့်ဖြူးရောင်းချပေး

ဥဿာစိုက်ပျိုးမွေးမြူရေးနှင့် ကုန်ထုတ်သမဝါယမအသင်းလီမိတက်သည် တိုင်းဒေသကြီး နိုင်ငံ့စီးပွားမြှင့်တင်ရေးရန်ပုံငွေဖြင့် ဒေသကြက်ကောင်ရေ ၁၂၀၀ ခန့်ကို မွေးမြူထားရှိပြီး ဒေသကြက်မွေးမြူရေးလုပ်ငန်းကို တစ်နှစ်လျှင် သုံးကြိမ်မွေးမြူနိုင်ရေး ဆောင်ရွက်သွားမည်ဖြစ်သည်။ ထို့ပြင် အသားတိုးကြက်မျိုးဖြစ်သည့် CP ကြက်ကောင်ရေ ၂၅၀၀၀ ခန့်၊ ဘဲကောင်ရေ ၅၀၀၀ နှင့် ငါးမွေးမြူရေးကန် ၃၄ ကန်တွင် ငါးကြင်း၊ ငါးမြစ်ချင်း၊ ငါးမုတ်နှင့် ငါးတန်များကို အဓိက မွေးမြူဆောင်ရွက်လျက်ရှိသည်။ ထွက်ရှိလာသည့် ကြက်၊ ဘဲနှင့် ငါးများကို ပခုက္ကူမြို့နယ်အတွင်းရှိ အသင်းသားပြည်သူများသို့ ဈေးနှုန်းချိုသာစွာ ဖြန့်ဖြူးရောင်းချပေးလျက်ရှိကြောင်း သိရသည်။

သတင်းစဉ်

# ရှမ်းပြည်နယ်(မြောက်ပိုင်း) မိုင်းရယ်မြို့နယ် မိုင်းဟဒေသအတွင်း တရားမဝင်အွန်လိုင်းလောင်းကစားနှင့် ငွေကြေးလိမ်လည်မှု(ကျားဖြန့်) ဆောင်ရွက်နေသူများအား ဖော်ထုတ်ဖမ်းဆီးရမိ လိုအပ်သည့်စစ်ဆေးဖော်ထုတ်မှုများဆောင်ရွက်ပြီး သက်ဆိုင်ရာနိုင်ငံများသို့ လွှဲပြောင်းပေးအပ်သွားမည်ဖြစ်





တရားမဝင်အွန်လိုင်းလောင်းကစားနှင့် ငွေကြေးလိမ်လည်မှု(ကျားဖြန့်) လုပ်ငန်းမှ ဖမ်းဆီးရမိသည့် လုံခြုံရေးအဖွဲ့များနှင့် လက်နက်ခဲယမ်းများ မှတ်တမ်းဓာတ်ပုံ။

မိုင်းရယ်မြို့နယ် မိုင်းဟဒေသအတွင်း တရားမဝင် အွန်လိုင်းလောင်းကစားနှင့် ငွေကြေးလိမ်လည်မှု (ကျားဖြန့်)လုပ်ငန်း လုပ်ဆောင်နေသူများကို ဖော်ထုတ်ဖမ်းဆီးရမိခဲ့သည့် နေရာပြပုံ




နေပြည်တော် ဖေဖော်ဝါရီ ၇

နိုင်ငံတော် အစိုးရအနေဖြင့် တရားမဝင် အွန်လိုင်းလောင်းကစားနှင့် ငွေကြေးလိမ်လည်မှု (ကျားဖြန့်)လုပ်ငန်း လုပ်ကိုင်မှုများကို နိုင်ငံတကာနှင့်ပူးပေါင်း၍ ၎င်းဒုစရိုက်မှု နှိမ်နင်းရေးကို တက်ကြွစွာ ဖော်ထုတ်အရေးယူဆောင်ရွက်လျက်ရှိသည်။ ထို့အပြင် တိုင်းဒေသကြီးနှင့် ပြည်နယ်များအလိုက် တာဝန်ရှိသူအဆင့်ဆင့် အနေဖြင့် မိမိတို့ဒေသများအတွင်း တရားမဝင် အွန်လိုင်းလောင်းကစားနှင့် ငွေကြေးလိမ်လည်မှု (ကျားဖြန့်)လုပ်ငန်းများအပါအဝင် အခြားဒုစရိုက်လုပ်ငန်းများ မရှိစေရေးဖော်ထုတ်ခြင်း၊ အရေးယူဆောင်ရွက်ခြင်းများကို ပြတ်ပြတ်သားသား ကိုင်တွယ်ဆောင်ရွက်ခြင်း၊ လုံခြုံရေးတပ်ဖွဲ့ဝင်များပါဝင်သည့် ပူးပေါင်းအဖွဲ့များက တင်းတင်းကျပ်ကျပ် စိစစ်ရှာဖွေဖော်ထုတ်ခြင်းများ ဆောင်ရွက်လျက်ရှိသည်။



တရားမဝင်အွန်လိုင်းလောင်းကစားနှင့် ငွေကြေးလိမ်လည်မှု (ကျားဖြန့်)လုပ်ငန်းမှအဖွဲ့ဝင်များပုံ

တရုတ်နိုင်ငံသား အမျိုးသား ခုနစ်ဦး၊ အမျိုးသမီး တစ်ဦး

မြန်မာနိုင်ငံသား အမျိုးသား သုံးဦး၊ အမျိုးသမီးလေးဦး



ထိုသို့ ရှာဖွေဖော်ထုတ်ဖမ်းဆီးလျက်ရှိရာ ရှမ်းပြည်နယ် (မြောက်ပိုင်း) မိုင်းရယ်မြို့နယ်အတွင်း တရားမဝင်အွန်လိုင်းလောင်းကစားနှင့် ငွေကြေးလိမ်လည်မှု (ကျားဖြန့်) လုပ်ငန်းများ ဆောင်ရွက်လျက်ရှိကြောင်း သတင်းအရ လုံခြုံရေးတပ်ဖွဲ့ဝင်များက ဝင်ရောက်ရှင်းလင်းခဲ့ရာ ဖေဖော်ဝါရီ ၅ ရက်တွင် မိုင်းရယ်မြို့၏ အရှေ့တောင်ဘက်ဝန်းကျင်တွင် ကျားဖြန့်လုံခြုံရေးအဖွဲ့များနှင့် အပြန်အလှန် ထိတွေ့တိုက်ပွဲ ဖြစ်ပွားခဲ့သည်။ ဖြစ်စဉ်တွင် ကျားဖြန့်လုံခြုံရေးအဖွဲ့မှ အလောင်းနှစ်လောင်းနှင့် အတူ ကျားဖြန့်လုံခြုံရေးငါးဦး၊ လက်နက်မျိုးစုံ ခြောက်လက်၊ တရုတ်နိုင်ငံသား အမျိုးသား ခုနစ်ဦး၊ အမျိုးသမီးတစ်ဦး၊ မြန်မာနိုင်ငံသား အမျိုးသား သုံးဦး၊ အမျိုးသမီး လေးဦးတို့ကို ဖမ်းဆီးရမိခဲ့သည်။

ထို့အပြင် နောင်ဟန်ကျေးရွာအနီး၌ အဆောက်အအုံ ခုနစ်လုံးနှင့် ကျားဖြန့်လုပ်ငန်းများ ဆောင်ရွက်ရာတွင် အသုံးပြုသည့် ဖုန်းမျိုးစုံ ၁၈၁ လုံး၊ Laptop မျိုးစုံ ၂၅ လုံး၊ Desktop မျိုးစုံ ၂၁ လုံး၊ Keyboard မျိုးစုံ ၂၈ ခု၊ Wifi စက် နှစ်လုံး၊ StarLink နှစ်စုံ၊ လုပ်ငန်းသုံး လျှပ်စစ် ဆက်စပ်ပစ္စည်းများ၊ သေနတ်တစ်လက်နှင့် ကျည်ငါးတောင့်တို့ကို ထပ်မံသိမ်းဆည်းရရှိခဲ့သည်။ စာမျက်နှာ ၈ သို့ ❖













တရားမဝင်အွန်လိုင်းလောင်းကစားနှင့် ငွေကြေးလိမ်လည်မှု(ကျားဖြန့်)လုပ်ငန်းမှ အသုံးပြုသည့် အဆောက်အအုံများနှင့် သိမ်းဆည်းရမိသည့် ပစ္စည်းများမှတ်တမ်းဓာတ်ပုံ။

တရားမဝင်အွန်လိုင်းလောင်းကစားနှင့် ငွေကြေးလိမ်လည်မှု(ကျားဖြန့်)လုပ်ငန်းမှ အသုံးပြုသည့် အဆောက်အအုံများမှတ်တမ်းဓာတ်ပုံ။



တရားမဝင် အွန်လိုင်းလောင်းကစားနှင့် ငွေကြေးလိမ်လည်မှု(ကျားဖြန့်)လုပ်ငန်းမှ အဖွဲ့ဝင်များ။



တရားမဝင် အွန်လိုင်းလောင်းကစားနှင့် ငွေကြေးလိမ်လည်မှု(ကျားဖြန့်)လုပ်ငန်းမှ အဖွဲ့ဝင်များ။





တရားမဝင်အွန်လိုင်းလောင်းကစားနှင့် ငွေကြေးလိမ်လည်မှု(ကျားဖြန့်)လုပ်ငန်းမှ ဖမ်းဆီးရမိသည့်အဖွဲ့ဝင်များနှင့် သိမ်းဆည်းရမိသည့် ပစ္စည်းများမှတ်တမ်းဓာတ်ပုံ။

**တရားမဝင်အွန်လိုင်းလောင်းကစားနှင့် ငွေကြေးလိမ်လည်မှု(ကျားဖြန့်)လုပ်ငန်းမှ သိမ်းဆည်းရမိသည့်ယာဉ်များပုံ။**



သိမ်းဆည်းရမိသည့် ၁၂ ဘီးယာဉ်။




သိမ်းဆည်းရမိသည့် ဒေါင်ဖန်းယာဉ်။



ဖမ်းဆီးရမိသည့်ဗီယက်နမ်နိုင်ငံသား အမျိုးသမီး ၁၈ ဦး။



ဖမ်းဆီးရမိသည့် အမျိုးသား နှစ်ဦး၊ အမျိုးသမီး ၂၅ ဦး။



တရားမဝင် အွန်လိုင်းလောင်းကစားနှင့် ငွေကြေးလိမ်လည်မှု(ကျားဖြန့်)လုပ်ငန်းမှ သိမ်းဆည်းရမိသည့် ငါးဂိမ်းစက်များကို တွေ့ရစဉ်။

❖ စာမျက်နှာ ၇ မှ

၎င်းအပြင် ဖေဖော်ဝါရီ ၆ ရက်တွင်အဆိုပါမိုင်းဟာဒေသနောင်ဟန်ကျေးရွာတစ်ဝိုက်မှ တရုတ်နိုင်ငံသား အမျိုးသား ရှစ်ဦး၊ အမျိုးသမီး တစ်ဦး၊ ဗီယက်နမ်နိုင်ငံသား အမျိုးသမီး ၁၈ ဦး၊ မြန်မာနိုင်ငံသား အမျိုးသား နှစ်ဦး၊ အမျိုးသမီး ၂၅ ဦးတို့အား တရားမဝင်အွန်လိုင်းလိမ်လည်မှုလုပ်ငန်းများ လုပ်ကိုင်ရာတွင် အသုံးပြုသည့် ကွန်ပျူတာ ၇၂ လုံး၊ StarLink ငါးစုံ၊ ဖုန်းမျိုးစုံ ၇၉ လုံး၊ ငါးဂိမ်းစက်ငါးလုံး၊ မော်တော်ယာဉ် နှစ်စီးတို့အားလည်းကောင်း ဖမ်းဆီးရမိခဲ့သည်။





တရားမဝင်အွန်လိုင်းလောင်းကစားနှင့် ငွေကြေးလိမ်လည်မှု(ကျားဖြန့်)လုပ်ငန်းမှ သိမ်းဆည်းရမိသည့်ပစ္စည်းများကို တွေ့ရစဉ်။





တရားမဝင်အွန်လိုင်းလောင်းကစားနှင့် ငွေကြေးလိမ်လည်မှု(ကျားဖြန့်)လုပ်ငန်းမှ အဖွဲ့ဝင်များ။







တရားမဝင်အွန်လိုင်းလောင်းကစားနှင့် ငွေကြေးလိမ်လည်မှု(ကျားဖြန့်)လုပ်ငန်းမှ သိမ်းဆည်းရမိသည့် မော်တော်ယာဉ်နှင့် မီးစက်မှတ်တမ်းဓာတ်ပုံ။

ဖေဖော်ဝါရီ ၇ ရက်တွင်လည်း နောင်ဟန်ကျေးရွာအနီးတစ်ဝိုက်တွင် တရုတ်နိုင်ငံသား အမျိုးသား ၁၂ ဦး၊ Alphard မော်တော်ယာဉ်တစ်စီး၊ မီးစက်တစ်လုံးထပ်မံဖမ်းဆီးရရှိခဲ့သည်။

မိုင်းရယ်မြို့နယ် မိုင်းဟာဒေသအတွင်း ဖေဖော်ဝါရီ ၅ ရက်မှ ၇ ရက်အထိ ဖမ်းဆီးရမိမှုအနေဖြင့် တရုတ်နိုင်ငံသား အမျိုးသား ၂၇ ဦး၊ အမျိုးသမီးနှစ်ဦးပေါင်း ၂၉ ဦး၊ ဗီယက်နမ်နိုင်ငံသား အမျိုးသမီး ၁၈ ဦး၊ မြန်မာနိုင်ငံသား အမျိုးသား ငါးဦး၊ အမျိုးသမီး ၂၉ ဦး ပေါင်း ၃၄ ဦး စုစုပေါင်း ၈၁ ဦး ဖမ်းဆီးရမိခဲ့သည်။

အထက်ပါ ဖြစ်စဉ်များတွင် ဖမ်းဆီးရမိသူများအား စနစ်တကျစိစစ်ဆောင်ရွက်လျက်ရှိပြီး ဥပဒေနှင့်အညီ တရားစွဲဆို အရေးယူဆောင်ရွက်နိုင်ရန်နှင့် ပြည်ပနိုင်ငံသားများအား လူသားချင်းစာနာထောက်ထားမှုနှင့် နိုင်ငံအချင်းချင်းချစ်ကြည် ရင်းနှီးမှုတို့ကို ရှေးရှု၍ သက်ဆိုင်ရာနိုင်ငံများသို့ ပြန်လည်လွှဲပြောင်းပေးအပ်နိုင်ရေး ဆောင်ရွက်သွားမည် ဖြစ်သည်။

နိုင်ငံတော်အစိုးရအနေဖြင့် တရားမဝင်အွန်လိုင်းလိမ်လည်မှုလုပ်ငန်းများအား စုံစမ်းဖော်ထုတ်စစ်ဆေး၍ ထိရောက်စွာ အရေးယူဆောင်ရွက်လျက်ရှိပြီး မြန်မာနိုင်ငံ၏ နယ်စပ်ဒေသများတွင်လည်း တရားမဝင်အွန်လိုင်းလောင်းကစားနှင့် ငွေကြေးလိမ်လည်မှု(ကျားဖြန့်) လုပ်ငန်းများအား တားဆီးကာကွယ် တိုက်ဖျက်နိုင်ရန်အတွက် အိမ်နီးချင်းနိုင်ငံများအပါအဝင် နိုင်ငံတကာမှ အဖွဲ့အစည်းများနှင့် ပူးပေါင်း၍ စုံစမ်းဖော်ထုတ်အရေးယူမှုများကို ဆက်လက်ဆောင်ရွက်သွားမည် ဖြစ်ကြောင်း သိရသည်။

သတင်းစဉ်

## တရားရုံးက ဦးဆောင်သော စေ့စပ်ဖြေရှင်းရေးစနစ်ဆိုင်ရာ အသိပညာပေးဆွေးနွေးပွဲ ကျင်းပ



**မန္တလေး ဖေဖော်ဝါရီ ၇**

ပြည်ထောင်စုတရားလွှတ်တော်ချုပ်၏ တရားစီရင်ရေးဆိုင်ရာ မဟာဗျူဟာစီမံကိန်း(၂၀၂၃-၂၀၂၇)၊ တတိယနှစ်မဟာဗျူဟာလုပ်ငန်းအစီအစဉ်(၂၀၂၅)၊ မဟာဗျူဟာအစီအစဉ် ၅ . ၃ . ၁အရ တရားရုံးက ဦးဆောင်သည့် စေ့စပ်ဖြေရှင်းရေးစနစ်အား နယ်ပယ်အသီးသီးမှ ပုဂ္ဂိုလ်များ ကျယ်ကျယ်ပြန့်ပြန့် သိရှိနိုင်ရေးအတွက် ရည်ရွယ်၍ "တရားရုံးက ဦးဆောင်သော စေ့စပ်ဖြေရှင်းရေးစနစ်နှင့် စပ်လျဉ်း၍ အသိပညာပေးဟောပြောပွဲ"ကို ဖေဖော်ဝါရီ ၅ရက် နံနက် ၁၀ နာရီက မန္တလေး၊ မဟာအောင်မြေမြို့နယ် ရှိ၊ မန္တလေးတက္ကသိုလ်၊ ဥပဒေပညာဌာန၊ Multi- room တွင် ကျင်းပသည်။

ဟောပြောပွဲတွင် မန္တလေးတိုင်းဒေသကြီး တရားလွှတ်တော်၊ ဦးစီးအရာရှိ ဒေါ်စုသက်ငုံက "Mediation System In the World" ခေါင်းစဉ်ဖြင့်လည်းကောင်း၊ စေ့စပ်ဖြေရှင်းရေးဌာနတာဝန်ခံ၊ ဒုတိယညွှန်ကြားရေးမှူး ဒေါ်ဌေးဇင်မော်က "တရားရုံးက ဦးဆောင်သော စေ့စပ်ဖြေရှင်းရေးစနစ်ခေါင်းစဉ်ဖြင့်လည်းကောင်း၊ တိုင်းဒေသကြီးတရားရေးဦးစီးမှူး ဦးစောမျိုးမျိုးက "စေ့စပ်ဖြေရှင်းရေးစနစ်နှင့်စပ်လျဉ်း၍ သုံးသပ်ဆွေးနွေးခြင်း"ခေါင်းစဉ်ဖြင့်လည်းကောင်း အသီးသီးရှင်းလင်းဟောပြောကြရာ တက်ရောက်လာကြသော မန္တလေးတက္ကသိုလ် ၊ ဥပဒေပညာဌာနပါမောက္ခ၊ တွဲဖက်ပါမောက္ခများ၊ ဆရာမများနှင့် ကျောင်းသား၊ ကျောင်းသူများက သိရှိလိုသည်များကို မေးမြန်းခြင်း၊ ဖြေဆိုခြင်းနှင့်အပြန်အလှန်ဆွေးနွေးခြင်းများ ပြုလုပ်ကြသည်။

အဆိုပါဟောပြောပွဲ သို့ မန္တလေးတိုင်းဒေသကြီး တရားလွှတ်တော်မှ တရားရေးအရာရှိများ၊ မန္တလေးတက္ကသိုလ်၊ ဥပဒေပညာဌာနပါမောက္ခဒေါက်တာသီတာအောင်နှင့် ဆရာမများ၊ ဥပဒေပညာအထူးပြုကျောင်းသား၊ ကျောင်းသူများ စုစုပေါင်း ၉၀ဦး တက်ရောက်ကြကြောင်း သိရသည်။ **(အပေါ်ဝဲပုံ)**

**(၀၉၃)**



## မီးဘေးအန္တရာယ်ကြိုတင်ကာကွယ်ရေး အသိပေးနှိုးဆော်ခြင်းများ ဆောင်ရွက်


**မန္တလေး ဖေဖော်ဝါရီ ၇**

မန္တလေးတိုင်းဒေသကြီး၊ မဟာအောင်မြေခရိုင်၊ ချမ်းမြသာစည်မြို့နယ်တွင် မြို့နယ်မီးသတ်ဦးစီးဌာန၊ ဦးဆောင်ကြီးကြပ်မှုဖြင့် မီးသတ်ဝန်ထမ်းများသည် ပွင့်လင်းရာသီရောက်ရှိ လာပြီဖြစ်သည့်အတွက် မီးဘေးအန္တရာယ်ကြိုတင်ကာကွယ်ရေး နှိုးဆော်မှုများကို စဉ်ဆက်မပြတ် ဆောင်ရွက်လျက်ရှိသည်။

ထိုသို့ ဆောင်ရွက်ရာတွင် ပြည်သူများအား ယခုအချိန်သည် ပွင့်လင်းရာသီသို့ ရောက်ရှိလာပြီဖြစ်သဖြင့် ပြည်သူများ မီးဘေးအန္တရာယ်ကင်းဝေးနိုင်စေရေးအတွက် မီးဘေးဆိုင်ရာညွှန်ကြားချက်များကို ကျယ်ကျယ်ပြန့်ပြန့် သိရှိ၍ မီးဘေးအန္တရာယ်များကို ကြိုတင်ကာကွယ်နိုင်ရန် အသိပေးနှိုးဆော်ခြင်းနှင့် မီးလောင်မှုဖြစ်ပွားပါက မြို့နယ်မီးသတ်ဦးစီးဌာနသို့ ချက်ချင်းအကြောင်းကြားကြရန် စသည်တို့အား အသိပေးနှိုးဆော်ခဲ့ကြကြောင်း သိရသည်။

**(အပေါ်ပုံ)ချမ်းမြေ့**

## တက္ကသိုလ်ဝင်စာမေးပွဲဖြေဆိုမည့် ကျောင်းများအား မီးဘေးအန္တရာယ်လုံခြုံရေး စစ်ဆေးဆောင်ရွက်



**ပျော်ဘွယ် ဖေဖော်ဝါရီ ၇**

မန္တလေးတိုင်းဒေသကြီး၊ ပျော်ဘွယ်မြို့နယ် မီးသတ်ဦးစီးဌာနမှ မီးသတ်ဦးစီးအရာရှိနှင့် မီးသတ်တပ်ဖွဲ့ဝင်များပါဝင်သော အဖွဲ့သည် မြို့နယ်အတွင်း တက္ကသိုလ်ဝင်စာမေးပွဲနှင့် နှစ်ဆုံးစာမေးပွဲဖြေဆိုမည့် အထက်တန်းကျောင်းများအား မီးဘေးအန္တရာယ်လုံခြုံရေးအတွက် လိုက်လံစစ်ဆေးခြင်းကို ဖေဖော်ဝါရီ ၅ ရက် နံနက် ၁၀ နာရီက ဆောင်ရွက်ခဲ့သည်။

အဆိုပါ စစ်ဆေးခြင်းကို ပျော်ဘွယ်မြို့နယ်မီးသတ်ဦးစီးဌာနမှ မီးသတ်ဦးစီးမှူးဦးကျော်မျိုးဦးဆောင်၍ မီးသတ်တပ်ဖွဲ့ဝင်သန္တေ အရန်တပ်ဖွဲ့ဝင်များသည် မြို့နယ်အတွင်းရှိ တက္ကသိုလ်ဝင်စာမေးပွဲနှင့် နှစ်ဆုံးစာမေးပွဲဖြေဆိုမည့် ကျောင်းများတွင် မီးသတ်ဆေးဘူးထားရှိမှု၊ လျှပ်စစ်မီးသုံးစွဲရာတွင် စနစ်တကျသုံးစွဲခြင်းများ ပြုလုပ်ကြဖို့ ပြောကြားခဲ့ပြီး မီးဘေးအန္တရာယ်အသိပညာပေး လက်ကမ်းစာစောင်များဝေငှ၊ ကပ်ခြင်းများ ပြုလုပ်ခဲ့ကြကြောင်း သိရသည်။ **(အပေါ်ပုံ)**

**(၀၅၇)**

# အမြို့မြို့ အနယ်နယ်မှ မှုခင်းသတင်းများ

## မူးယစ်ဆေးဝါးများ ဖမ်းမိ

**မန္တလေး ဖေဖော်ဝါရီ ၇**

မန္တလေး၊ မဟာအောင်မြေခရိုင်၊ ပြည်ကြီးတံခွန်မြို့နယ်၊ (ၠ) ရပ်ကွက်၊ လမ်း(၅၀)၊ ၁၂၇ လမ်းနှင့် ၁၂၈ လမ်းကြားနေအိမ်ကျူးတဲတွင် အမျိုးသားနှစ်ဦးအား စိတ်ကြွရူးသွပ်ဆေးပြားများ၊ မူးယစ်ဆေးဝါးသုံးပစ္စည်းများနှင့် ဖမ်းဆီးရမိသဖြင့် ဥပဒေနှင့်အညီ အရေးယူဆောင်ရွက်ထားသည်။

ဖြစ်စဉ်မှာ ဖေဖော်ဝါရီ ၂ ရက်၊ မွန်းလွဲ ၂နာရီက မဟာအောင်မြေခရိုင် မှုခင်းနှိမ်နင်းရေးဌာနစိတ်မှ ရဲအုပ်ကျော်မျိုးနိုင်နှင့်အဖွဲ့၊ စက်မှုနယ်မြေရဲစခန်းမှ ဒုတိယရဲအုပ်ချမ်းမြေ့ဇော်နှင့်အဖွဲ့သည် နယ်မြေလုံခြုံရေးလုပ်ငန်းများ ဆောင်ရွက်နေစဉ် သတင်းအရ အသိသက်သေများဖြင့် လမ်း၅၀၊ ၁၂၇လမ်းနှင့် ၁၂၈လမ်းကြားနေအိမ်ကျူးတဲအား သွားရောက်စစ်ဆေးခဲ့သည်။

ထိုသို့စစ်ဆေးရာမှ ဝင်းမင်းထွန်း၊ စိုးဝင်းအောင်ဆိုသူတို့အား စိတ်ကြွရူးသွပ်ဆေးပြားဟု ယူဆရသော တံဆိပ်မပါပန်းရောင်စိတ်ကြွဆေးပြား ၃၀၀ပြား၊ အလေးချိန်(၂၁)ဂရမ်၊ ပလတ်စတစ်ကော်ဘူးအတွင်းထည့်လျက် ဘိန်းဖြူဟု ယူဆရသော ဖြူဝါရောင်အမှုန့် အလေးချိန်(၀ ဒသမ ၂၇)ဂရမ်ပါဘူး ၁၁ဘူး၊ အလေးချိန်(၂ ဒသမ ၉၇)ဂရမ်၊ 3mlဆေးထိုးပြွန်အပ် ၃၉ ချောင်း၊ ပလတ်စတစ်ရောင်စုံအအေးစုပ်ပိုက် ၁၀၀ ခုပါ နှစ်ထုပ်၊ ပိုက်ထိပ်တွင် ခဲပြားပတ်လျက် ရောင်စုံအအေးစုပ်ပိုက် ၈၅ချောင်း၊ ဖယောင်းတိုင် ၂၀ပါ(၃)ထုပ်၊ ပြုပြင်ထားသည့် ရောင်စုံမီးခြစ်(၄)လုံးတို့နှင့်ဖမ်းဆီးရမိခဲ့သည်။**(အပေါ်ဝဲပုံ)**

အဆိုပါ စိတ်ကြွရူးသွပ်ဆေးပြားများ၊ မူးယစ်ဆေးဝါးသုံးပစ္စည်းများအား သုံးစွဲဖြန့်ဖြူးရောင်းချရန် လက်ဝယ်ထားရှိသူ ဝင်းမင်းထွန်း (၄၇)နှစ် ပြည်ကြီးတံခွန်မြို့နယ်၊ စိုးဝင်းအောင်(၄၃)နှစ် ပြည်ကြီးတံခွန်မြို့နယ်နေသူတို့အား စက်မှုနယ်မြေရဲစခန်းတွင် မူးယစ်ဆေးဝါးနှင့်စိတ်ကိုပြောင်းလဲစေတတ်သော ဆေးဝါးများဆိုင်ရာဥပဒေပုဒ်မဖြင့် အရေးယူထားပြီး အမှုကွင်းဆက်များ စစ်ဆေးလျက်ရှိကြောင်း သိရသည်။ **(၀၅၇)**

## စိတ်ကြွရူးသွပ်ဆေးပြားများ ဖမ်းဆီးရမိ

**နေပြည်တော် ဖေဖော်ဝါရီ ၇**

မန္တလေးတိုင်းဒေသကြီး ရဲတပ်ဖွဲ့မှ တပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် သတင်းအရ သက်သေများနှင့်အတူ ဖေဖော်ဝါရီ ၂ ရက် ည ၈ နာရီခန့်က ချမ်းမြသာစည်မြို့နယ်၊ အောင်သာယာ ရပ်ကွက်၊၄၄လမ်းနှင့် ၄၅လမ်းကြား၊ ၁၁၇လမ်းနှင့် ၁၁၈လမ်းကြားရှိ တည်းခိုခန်းအား ဝင်ရောက်ရှာဖွေရာ တည်းခိုနေထိုင်သူ မင်းမင်းသန့်ဆိုသူအား တွေ့ရှိပြီး အခန်းအတွင်းမှ စိတ်ကြွရူးသွပ်ဆေးပြား ၂,၀၀၀ အား တွေ့ရှိသိမ်းဆည်းရမိခဲ့ပြီး စစ်ဆေးဖော်ထုတ်ချက်အရ ဖေဖော်ဝါရီ ၃ ရက် နံနက် ၁ နာရီခန့်က ၄င်း၄ားရမ်းနေထိုင်သည့် ပုသိမ်ကြီးမြို့နယ်၊ မဲကင်းကုန်း ကျေးရွာရှိ နေအိမ်အတွင်းမှ စိတ်ကြွရူးသွပ်ဆေးပြား ၁၇၁,၀၀၀ အား ထပ်မံတွေ့ရှိ သိမ်းဆည်းရမိခဲ့သဖြင့် မင်းမင်းသန့်(၃၄)နှစ်ဆိုသူအား သက်ဆိုင်ရာရဲစခန်းများတွင် မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသောဆေးဝါးများဆိုင်ရာဥပဒေအရအမှုဖွင့် အရေးယူထားရှိပြီး ကွင်းဆက်များ ဖော်ထုတ်လျက်ရှိကြောင်း သိရသည်။ **(အောက်ပုံ)**

**(မန္တလေးနေ့စဉ်သတင်းအဖွဲ့)**





## မီးပလပ်ခုံအပူလွန်ကဲပြီး မီးလောင်ကျွမ်းမှု ဖြစ်ပွား

**မန္တလေး ဖေဖော်ဝါရီ ၇**

မန္တလေးတိုင်းဒေသကြီး၊ ကျောက်ဆည်ခရိုင်၊ တံတားဦးမြို့နယ်၊ အမှတ်(၂)ရပ်ကွက်၊ ပုဏ္ဏားကုန်းရပ်နေ ဦး×××××××၏ နေအိမ်တွင် လျှပ်စစ်မီးပလပ်ခုံအပူလွန်ကဲပြီး မီးလောင်ကျွမ်းမှု ဖေဖော်ဝါရီ ၄ ရက်၊ ည(၉)နာရီ မိနစ် ၄၀ခန့်က ဖြစ်ပွားခဲ့သည်။

မီးလောင်ရာသို့ တံတားဦးမြို့နယ်မီးသတ်ဦးစီးမှူးဦးကျော်သူအောင် ဦးဆောင်၍ သန္ဓေမီးသတ်တပ်ဖွဲ့ဝင် ၁၄ဦး၊ အရန်မီးသတ်တပ်ဖွဲ့ဝင် ၁၀ ဦးသည် မီးငြိမ်းသတ်ယာဉ်နှစ်စီး၊ မီးသတ်ရေသယ်ယာဉ်တစ်စီးဖြင့် မီးငြိမ်းသတ်ခဲ့ကြပြီး ပေ(၂၀×၂၀)၊ သွပ်မိုး၊ အုတ်ကာ၊ နံကပ်(၂)ထပ်နေအိမ် မီးလောင်ဆုံးရှုံးခဲ့သည်။

အဆိုပါမီးလောင်မှုဖြစ်စဉ်နှင့်ပတ်သက်၍ မီးပေါ့ဆစွာ သုံးစွဲသူ ဦး××××××(၃၅)နှစ်အား တံတားဦးမြို့နယ်၊ မြို့မရဲစခန်းတွင် ဥပဒေနှင့်အညီ အရေးယူဆောင်ရွက်ထားကြောင်း သိရသည်။ **(အောက်ပုံ)**

**(၀၅၇)**



# သီးနှံများဖြစ်ထွန်းရာ သံဘိုကျွန်းကျေးရွာ အလှူပွဲကြီးသို့ အလည်တစ်ခေါက်

ပုသိမ်ကြီးမြို့နယ်၊ သံဘိုကျွန်းကျေးရွာလေးသည် ဧရာဝတီမြစ်အတွင်းက မြေနုကျွန်းကျေးရွာကလေးတစ်ရွာဖြစ်ပါတယ်။ ကျေးရွာလေးရဲ့တည်နေရာက ပုသိမ်ကြီးမြို့ထဲကဆိုပေမယ့် ဧရာဝတီမြစ်အတွင်း မန္တလေးမြို့အနောက်စူးစူးအရပ်၊ မြင်သာအောင်ပြောရရင် ၂ဖလမ်းကနေ ၄၁ လမ်းထိ ကမ်းနားလမ်းနဲ့ မန္တလေးဘက်ကမ်းကနေ လှမ်းမြင်နေရသော ခပ်အုပ်အုပ် ကျွန်းရွာကလေးက အိမ်ခြေ ၂၀၀ ကျော်လောက်သာ ရှိတာပါ။

မန္တလေးမြို့နဲ့ အနီးဆုံးကျွန်းရွာကလေးဖြစ်သလို စက်လှေနဲ့အသွားအပြန် ခပ်သွက်သွက်သွားလာနိုင်ကြလို့ ဈေးရောင်းဈေးဝယ်၊ ကျောင်းသား၊ ကျောင်းသူ၊ အလုပ် လုပ်သူများအတွက်လည်း ၁၀မိနစ် ခရီးလေးမို့ လူမှုစီးပွားဘဝ၊ ပညာရေး၊ ကျန်းမာရေး စိုက်ပျိုးရေးလုပ်ငန်းများ အဆင်ပြေသော ကျေးရွာကလေးတစ်ရွာ ဖြစ်ပါတယ်။

သံဘိုကျွန်းရွာကလေးက စိုက်ပျိုးရေးကို စက်တင်ဘာလ မြစ်ရေကျဆင်းမှုနဲ့အတူ ဇွန်လအထိ ၁၀လအတွင်း ဆောင်းသီးနှံ၊ နွေသီးနှံဆိုပြီး စိုက်ပျိုးမှု နှစ်ရာသီစိုက်ပျိုးကြပါတယ်။ ဇူလိုင်၊ ဩဂုတ်(ဝါဆို၊ ဝါခေါင်) နှစ်လတာ မြစ်ရေအပြည့်တက်လေ့ရှိတော့ အဲဒီအချိန်မှာ တောင်သူလုပ်ငန်းရပ်နားထားလေ့ရှိပါတယ်။

တစ်နှစ်တာအတွက် စိုက်ပျိုးရေး ရာသီကို စက်တင်ဘာ မြစ်ရေကျဆင်းချိန်ကနေ မြေပြင်ကာ ဆောင်းရာသီစိုက် သီးနှံတွေဖြစ်သော ကန်စွန်းဥ၊ မြေပဲ၊ ချဉ်ပေါင်၊ ပဲထောပတ်၊ ဖူးစားပြောင်းနဲ့ နှံစားပြောင်းအနည်းငယ်ကို စိုက်ပျိုးကြပါတယ်။ အဓိကအများဆုံး စီးပွားဖြစ်စိုက်ပျိုးကြတာကတော့ ကန်စွန်းဥနဲ့ မြေပဲကို စိုက်ပျိုးကြပါတယ်။

ပြီးခဲ့သည့် အောက်တိုဘာက စတင်စိုက်ပျိုးသော ကန်စွန်းဥတွေ ဆောင်းသီးအဖြစ် ပေါ်ချိန်မှာ တစ်ပိဿာ ငွေကျပ် ၂၅၀၀ ထိ ဈေးကောင်းရကြလို့ တောင်သူတွေ အဆင်ပြေကြောင်းကို မိမိသတင်းမေးမြန်းရေးချိန်ကတည်းက ဒီရွာလေးကို သွားလေ့လာချင်နေတာကြာပါပြီ။ ဒီရက်ပိုင်း ပွင့်လင်းရာသီ၊ အလှူရာသီဖြစ်လေတော့ တောင်သူတွေ သီးနှံသိမ်း ငွေရှင်ချိန်လည်းဖြစ်တော့ တောင်သူတစ်ဦး အလှူအကြောင်းပြုလို့ ဖေဖော်ဝါရီ ၄ ရက်က အလှူလှည့်ချိန်ကို သွားရောက်လေ့လာဖြစ်ပါတယ်။

မန္တလေးဘက်ကမ်း ၂ဖလမ်း သံဘိုကျွန်းဆိပ်ကမ်းမှာ ဆိုင်ကယ်လေးအပ်နှံကာ စက်လှေစီးသွားလိုက်တာ ၁၀မိနစ်ကျော်လေးနဲ့ သံဘိုကျွန်းကျေးရွာကို ရောက်သွားပါတော့တယ်။

ယခင်နှစ်တွေက မြစ်ရေကြီးကမ်းပါးပြိုထားတာကြောင့် သံဘိုကျွန်းကျေးရွာ ဆိပ်ကမ်းလေးက ရွာနဲ့ပိုနီးလာတာလို့ ကျေးရွာခံတွေကပြောပါတယ်။

ဆိပ်ကမ်းကနေ တက်လိုက်တာနဲ့ မြေပဲစိုက်ခင်းတစ်မျှော်တစ်ခေါ်ကြားကနေ ကျေးရွာအလှူရှိရာ ဘုန်းကြီးကျောင်းဝင်းထဲက ရွှေရောင်ဖိတ်ဖိတ်တောက်နေသော မဏ္ဍပ်ကြီးဆီကို နံနက် ၁၁ နာရီလောက် ရောက်ရှိလို့လာပါတယ်။ ရောက်တယ်ဆိုတာနဲ့ တောင်သူကြီး ဦးခင်မောင်ရင်က အလှူထမင်းရုံကို တစ်ခါတည်းဖိတ်ခေါ်ကာ ကျွေးမွေးဧည့်ခံပါတော့တယ်။



အလှူထမင်းအဝစားပြီးချိန်မှာတော့ အလှူမဏ္ဍပ်ကြီးရှေ့မှာ ဦးရွှေရိုး၊ ဒေါ်မိုးအကာနဲ့ မြိုင်မြိုင်ဆိုင်ဆိုင်ဧည့်ခံဖျော်ဖြေနေပါတယ်။ အလှူအလှည့်မှာ စနစ်တကျဖြစ်ဖို့ သာသနာ့အလံအဖွဲ့၊ ကန်တော့ပွဲအဖွဲ့၊ လူပျိုကလေးများရဲ့ပန်းကြဲအဖွဲ့၊ အပျိုကလေးများရဲ့ကွမ်းတောင်ကိုင်၊ ပန်းတောင်ကိုင်အဖွဲ့များ၊ ဆင်ရတနာနှစ်စီး၊ မြင်းရတနာများ၊ ရွှေပိန်းချအလှစီးလှည်းများက အစီအရီတန်းလို့ ကျေးရွာထဲက ကန်တော့ခံလူကြီးများ အိမ်ကိုတန်းလှည့်လို့ ထွက်ခွာပုံကိုကြည့်နေရင်းက ကြည်နူးဝမ်းသာပီတိ ဖြစ်မိပါတော့တယ်။

အဲဒီမြင်ကွင်းကို ကြည့်နေရင်း စိတ်ထဲမှာ ခံစားမိတာလေးတွေကို တောင်သူကြီး ဦးခင်မောင်ရင်ဘက်လှည့်ကာ ဦးလေးရေ ရွာအလှူက စည်လိုက်တာဗျာလို့ဆိုတော့ ပြုံးပြုံးကြီးနဲ့ ဒီနှစ်က တောင်သူတွေ ကန်စွန်းဥဈေးကောင်းကောင်းရကြတယ်လေ သတင်းထောက်ကြီးရယ်ဆိုပြီး ဆိုလေတော့တယ်။ အရင်နှစ်ကကန်စွန်းဥ တစ်ပိဿာ ငွေကျပ် ၇၀၀-၈၀၀ လောက်ရတာ၊ဒီနှစ်က တစ်ပိဿာငွေကျပ် ၂၅၀၀ ဆိုတော့ တောင်သူတိုင်း အဆင်ပြေတာပေါ့ဗျာ။ ဒီနှစ်ဈေးကောင်းချက်က သံဘိုကျွန်းကျေးရွာမှာစိုက်ပျိုးတဲ့ဘယ်သီးနှံမှ လိုက်မမီတော့ဘူးလို့



အရင် ကန်စွန်းဥသတင်း ဖုန်းနဲ့မေးမြန်းစဉ် စကားကို ပြန်ကောက်လို့ဆိုချင်တယ်။ ကန်စွန်းတစ်ဧကလောက်စိုက်ပျိုးတဲ့ တောင်သူတွေတစ်ဦးအနေနဲ့ ငွေကျပ် သိန်း ၅၀ လောက်အမြတ်ကျန်တာဆိုတော့ ဧကများရင်များသလောက် တွက်ချက်ကြည့်လိုက်တော့ တောင်သူတွေမျှော်မှန်းတာထက် ပိုဈေးကောင်းရကြလို့ အခုလိုအလှူကြီးတွေ ခပ်စိပ်စိပ်ကိုပေးနိုင်ကြပါတယ်။ အခုလည်း ကန်စွန်းဥတွေက ဖော်နေကြတုန်းပါ။ သံဘိုကျွန်းကျေးရွာအပါအဝင် ဒီမြေနုကျွန်းပေါ်မှာဟင်းရွက်စု၊ ညောင်ပင်သာ၊ ညောင်ပင်သာ ရွာသစ်၊ ဖိုးလကုန်း၊ မွေ့ကျကျေးရွာတွေအကုန် ကန်စွန်းဥစိုက်ပျိုးမှုနဲ့ တောင်သူတွေ အကုန်အဆင်ပြေတာပါ။

"တောင်သူဆိုတာ မြေငှား၊ငွေငှား၊နွားငှား အဲဒီငှား(၃)ငှား ကင်းရင် မချမ်းသာတောင် တော်တော်အဆင်ပြေပါတယ်" လို့ တောင်သူကြီး ဦးခင်မောင်ရင်ကဆိုလိုက်တော့ တောင်သူက တောင်သူပီပီသသ ရာသီချိန်အတိုင်း ဝီရိယထား အားထည့်စိုက်ပျိုးရင် အဆင်ပြေကြောင်းကို စိုက်ပျိုးရေးသတင်းထောက်အနေနဲ့ နားလည်လိုက်ပါတယ်။

ဒီနှစ်လို ဈေးကောင်းရတာကြုံတော့ အလှူကြီးတွေပေးနိုင်ကြပါတယ်။ နောက်သီးနှံမြေပဲကလည်း ရိတ်သိမ်းတုန်းပါ။ မြေပဲကတော့ တောင်သူတွေ ပုံမှန်အထွက်နှုန်းနဲ့ ရကြပါတယ်။ ဆောင်းမြေပဲကတော့ နှစ်စဉ်တောင်သူတွေ ချက်ချင်းမရောင်းဘဲ ဈေးကောင်းရချိန်စောင့်ရောင်းကြတာပါ။ မြေပဲကလည်း တစ်ဧက ငွေကျပ် ၁၀သိန်း အထက်ရဖို့မျှော်မှန်းထားကြပါသေးတယ်။

သံဘိုကျွန်းကျေးရွာက မြေနုကျွန်းကျေးရွာဖြစ်တော့ မြေဆီ၊ မြေဩဇာသုံးစွဲမှုနည်းကြပါတယ်။ သို့သော်လည်း မြေဩဇာကို စနစ်တကျအချိန်ကိုက်ထည့်သွင်းရင် သွင်းသလောက် အထွက်နှုန်းကောင်းကြောင်းကို အသက် ၆၃နှစ်လို့တောင် မထင်ရသော တောင်သူကြီး ဦးညွန့်ဝင်းကလည်း ကန်စွန်းဥတစ်မျိုးတည်း ငွေကျပ် သိန်း ၅၀၀ လောက်ရှိပါတယ်။ မြေပဲစိုက်ပျိုးတာတွေ ပဲထောပတ်စိုက်ပျိုးတာတွေ၊ ချဉ်ပေါင်၊ ဖူးစားပြောင်း၊ နှံစားပြောင်းတွေကို ထည့်မတွက်သေးဘူးလို့ဆိုပါတယ်။ တောင်သူလုပ်ငန်းကို ကိုယ်ပိုင်မြေ ၁၅ဧကလောက် သားနှစ်ယောက်နဲ့ ဝိုင်းဝန်းလုပ်တာပါ။ ကိုယ်ပိုင်မြေကို ထွန်ရေး ထယ်ရေးစက်တွေနဲ့ ရာသီချိန်ကိုက် ဝီရိယထားသလောက် အကျိုးအမြတ်ရပါတယ်။ ဒီနှစ် ကန်စွန်းဈေးက ၃ ဆလောက်ပိုမိုရတော့ အဆင်ပြေပါတယ်။ မြေပဲဈေးကလည်း အခုချိန်အတက်အကျရှိနေသေးတော့ နည်းနည်းပါးပါးလောက်ဘဲ ရောင်းပြီး ဈေးကောင်းစောင့်ရောင်းမှာပါ။ မြေပဲက သုံးတင်းတစ်အိတ်ကို မြေပဲဆန် ၁၂ ပိဿာ ထွက်ရှိအောင် မြေပဲတွေလည်း အောင်ကြပါတယ်။ စားဖို့ဆောင်သီး မုန်လာဥလည်း စိုက်ပါသေးတယ်။ လက်ရှိမှာတော့ ကန်စွန်းဥ၊ မြေပဲတွေ ဖူးစားပြောင်းတွေသိမ်းပြီး ထောပတ်ပဲသာ ကျန်ပါတယ်။

နောက်လာမယ့်နွေစိုက်သီးနှံမှာလည်း ကန်စွန်းဥကို ထပ်မံစိုက်ပျိုးမယ်။ မြေပဲမစိုက်တော့ဘဲ နွားစားပြောင်းစိုက်မယ်။ နွေသီးနှံစိုက်ပြီး ဝါဆို၊ ဝါခေါင် ရေတက်ချိန် နွားစားပြောင်းရောင်းမယ်လို့ဆိုပါတယ်။

မန္တလေးမြို့တော်ကြီးထက် မီးလာချိန်ပိုတယ်လို့ဆိုတော့ သံဘိုကျွန်းအပါအဝင် ကျေးရွာ ၅ရွာက ဧရာဝတီမြစ်အတွင်း စိုက်ပျိုးရေးကျေးရွာလေးဖြစ်တာနဲ့အညီ တောင်သူအားလုံး ခက်ခဲမှုမရှိကြဘဲ အကုန်အဆင်ပြေကြပါတယ်။

ဒီနေရာမှာ စိုက်ပျိုးရေးသတင်းထောက် တစ်ယောက်အနေနဲ့ သတိထားမိတာကတော့ သံဘိုကျွန်းကျေးရွာလေးမှာ စိုက်ပျိုးရေးအတွက် အဓိက မြေကောင်းလှသော မြေနုကျွန်းဖြစ်ခြင်း၊ သီးနှံများဖြစ်ထွန်းသော ပူနွေးသမရာသီကို စိုက်ပျိုးချိန်တစ်လျှောက်လုံးရရှိခြင်း၊ စိုက်ပျိုးသီးနှံများ အနီးကပ်ဆုံး မန္တလေးဈေးကွက်ကို လွယ်ကူစွာတင်ပို့ရောင်းချနိုင်ခြင်း၊ စိုက်ပျိုးသီးနှံတွေက တစ်ရွာထုတ်ကုန်တစ်မျိုးဆိုသလို တူညီစွာစိုက်ပျိုးကြတော့ သီးနှံပေါ်ချိန် ဈေးကွက်မှာ မိမိဒေသထွက်သီးနှံအတွက် ဈေးကွက်ရာသီ(ဈေးကွက်ဝေစု)ကို ရရှိခြင်းကြောင့်ဆိုတာကို သုံးသပ်မိပါတော့တယ်။

ဒီလိုနဲ့ အလှူအလှည့်တွေ အသံနီးလာတော့ ရွာကအထွက် စိုက်ခင်းတွေကြားမှာ အလှူတန်းရှည်ကြီး ဓာတ်ပုံရိုက်ရန် ဖိုးလကုန်းကျေးရွာက ဘုရားကုန်းလေးပေါ်ကနေ စောင့်ဆိုင်းရိုက်ကူးပါတော့တယ်။ ဓာတ်ပုံမြင်ကွင်းထဲမှာ စိုက်ပျိုးသတင်းထောက်ပီပီ ကန်စွန်းစိုက်ခင်း၊ မြေပဲစိုက်ခင်းတွေကြားကနေ ကျေးရွာကွန်ကရစ်လမ်းမကြီးအတိုင်း တဖြည်းဖြည်းနီးလာတဲ့အချိန်ထိ စောင့်ဆိုင်းလို့ တစ်ပုံပြီးတစ်ပုံ ရိုက်နေမိတော့တယ်။

ဒီလိုရိုက်ကူးနေရင်း အနောက်က မန္တလေးမြို့ကြီး၏ အထပ်မြင့်တိုက်တာများကို နောက်ခံထားလို့ မြေနုကျွန်းကျေးရွာလေးက စိုက်ခင်းတွေထဲ တရွေ့ရွေ့နီးကပ်လာတဲ့ အလှူတန်းထဲမှာ အပျိုတော် ပန်းတောင်ကိုင်၊ ကွမ်းတောင်ကိုင်လေးများ၏ အလှကလည်း စိန်ဘယက်များ တလက်လက်၊ ရွှေရောင်များတဝင်းဝင်း၊ ဆင်ရတနာ၊ မြင်းရတနာ၊ ရွှေပိန်းချလှည်းတန်းကြီးနောက်မှာ နီးကပ်လာချိန်မှာတော့ လိုချင်တဲ့စိုက်ခင်းထဲက အလှူတန်းကြီးကို စိုက်ပျိုးရေးသတင်းထောက်ကိုရွှေမန်း ကျေနပ်စွာပြုံးရင်း အပြန်ခရီး မန္တလေးပြန်အကူး မော်တော်ပေါ်မှာ တွေးနေမိတာ လယ်ယာလုပ်ငန်းဆိုတာ "မြေငှား၊ ငွေငှား၊ နွားငှား" မရှိဘဲ တောင်သူက တောင်သူလို ရာသီချိန်မှန်မှန်စိုက်ပျိုးနေရင် မချမ်းသာတောင် အဆင်ပြေသော လုပ်ငန်းဖြစ်လို့ သံဘိုကျွန်းကျေးရွာလေးမှာ နောက်ထပ် နောက်စိုက်ပျိုးရာသီတွေပြီးရင် အလှူပွဲတွေက ဆက်ရှိနေမယ်ဆိုတာကို မှဒိတာပွားရေးသားလိုက်ရပါတယ်ဗျာ။



ရွှေမန်း

# မန္တလေးတိုင်းဒေသကြီးအစိုးရအဖွဲ့ ဝန်ကြီးချုပ် ဦးမျိုးအောင် မန္တလာတက္ကသိုလ်တွင် ကျင်းပသည့် (၇၈)နှစ်မြောက် ပြည်ထောင်စုနေ့အထိမ်းအမှတ် ဈေးရောင်းပွဲတော်၊ ပဒေသာကပွဲနှင့် ဟောပြောပွဲ အခမ်းအနားသို့ တက်ရောက်

**မန္တလေး ဖေဖော်ဝါရီ ၇**

မန္တလာတက္ကသိုလ်တွင် (၇၈)နှစ်မြောက် ပြည်ထောင်စုနေ့အထိမ်းအမှတ် ဈေးရောင်းပွဲတော်နှင့် ပဒေသာကပွဲ ဖွင့်ပွဲအခမ်းအနားကို ယနေ့နံနက်ပိုင်းက အမရပူရမြို့နယ်ရှိ အဆိုပါ တက္ကသိုလ်တွင် ကျင်းပရာ မန္တလေးတိုင်းဒေသကြီးအစိုးရအဖွဲ့ ဝန်ကြီးချုပ် ဦးမျိုးအောင်၊ တိုင်းဒေသကြီးတရားလွှတ်တော် တရားသူကြီးချုပ်၊ တိုင်းဒေသကြီးအစိုးရအဖွဲ့ဝင် ဝန်ကြီးများနှင့် တာဝန်ရှိသူများ၊ မန္တလာတက္ကသိုလ် ပါမောက္ခချုပ်၊ ဒုတိယပါမောက္ခချုပ်များ၊ ပါမောက္ခ(ဌာနမှူး)များ၊ ဆရာ၊ ဆရာမများ၊ ကျောင်းသား၊ ကျောင်းသူများနှင့် ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

ဦးစွာ တက္ကသိုလ်ဘွဲ့နှင်းခန်းမတွင် ကျင်းပရာ တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့် တာဝန်ရှိသူများက အခမ်းအနားကို ဖဲကြိုးဖြတ်ဖွင့်လှစ်ပေး၍ ကျောင်းသား၊ ကျောင်းသူများက ရောင်စုံပန်းဖြာမန်းမန္တလာ ဂုဏ်ပြုသီချင်းဖြင့် သီဆိုကပြ ဖျော်ဖြေမှုများကို ကြည့်ရှုအားပေးခဲ့သည်။

အခမ်းအနား၌ တိုင်းဒေသကြီးဝန်ကြီးချုပ်က ကြိုဆိုဂုဏ်ပြုအမှာစကားပြောကြားရာတွင် ပြည်ထောင်စုနေ့အကြိုအထိမ်းအမှတ်အဖြစ် တက္ကသိုလ်၊ ဒီဂရီကောလိပ်နှင့် အခြေခံပညာကျောင်းများတွင် စာပေ၊ အနုပညာနှင့်ပတ်သက်သည့် ပွဲများ၊ ဈေးရောင်းပွဲတော်များ၊ ပဒေသာကပွဲများ အစရှိသည့် အထိမ်းအမှတ် ပွဲတော်များကို နှစ်စဉ်ကျင်းပပေးလျက်ရှိပါကြောင်း၊ အချင်းချင်း စုပေါင်းဆောင်ရွက်တတ်မှု၊ စီမံခန့်ခွဲတတ်မှု၊ စည်းလုံးညီညွတ်မှု၊ အောင်မြင်မှုများကို လက်တွေ့ဘဝကနေ သင်ယူနိုင်မည်ဖြစ်ပြီး ချစ်ကြည်ရင်းနှီးမှု၊ အချင်းချင်း ဝိုင်းဝန်းကူညီပံ့ပိုးပေးမှု၊ ပေါင်းသင်းဆက်ဆံမှု၊ သည်းခံမှု၊ ခေါင်းဆောင်နိုင်မှုဆိုသည့် ရလဒ်ကောင်းများရရှိလာမည်ဖြစ်ပါကြောင်း ပြောကြားခဲ့သည်။

ဆက်လက်၍ တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့်အဖွဲ့က (၇၈)နှစ်မြောက် ပြည်ထောင်စုနေ့အကြို စာစီစာကုံး၊ ပန်းချီ၊ ကဗျာ၊ ဆောင်းပါးပြိုင်ပွဲများတွင် ဆုရရှိသော ကျောင်းသား၊ ကျောင်းသူများအား ဂုဏ်ပြုဆုငွေနှင့် ဆုတံဆိပ်များကိုလည်းကောင်း၊ ကပြဖျော်ဖြေခဲ့သည့် အဖွဲ့များအား ဂုဏ်ပြုငွေများကိုလည်းကောင်း ချီးမြှင့်ခဲ့ပြီး ဈေးရောင်းပွဲတော်တွင် ဘာသာရပ်ဌာန၊ အသင်းများမှ ဆရာ၊ ဆရာမများ၊ ကျောင်းသား၊ ကျောင်းသူများ အေးချမ်းပျော်ရွှင်စွာ ပါဝင်ဆင်နွှဲနေမှုများကို လိုက်လံကြည့်ရှုအားပေးခဲ့ကြောင်းနှင့် အခမ်းအနားကို အစီအစဉ်အတိုင်း ဆက်လက်ကျင်းပခဲ့ကြောင်း သိရသည်။ **(မန္တလေးနေ့စဉ်)**

၀-၀-၀-၀-၀


















## ပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာ အသိပညာပေးဟောပြောပွဲ ကျင်းပ

**ဇေယျာသီရိ ဖေဖော်ဝါရီ ၇**

ပြည်ထောင်စုနယ်မြေ၊ နေပြည်တော်၊ ဇေယျာသီရိမြို့နယ်၌ ပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာ အသိပညာပေးဟောပြောပွဲကို ယမန်နေ့ နံနက်ပိုင်းက ပြည်စံအောင် အခြေခံပညာအထက်တန်းကျောင်း၌ ကျင်းပသည်။

ဟောပြောပွဲတွင် ပြည်ထောင်စုနယ်မြေ၊ နေပြည်တော်၊ ဥတ္တရခရိုင် ပတ်ဝန်းကျင်ထိန်းသိမ်းရေး ဦးစီးဌာနမှ ဒုတိယဦးစီးမှူး ဒေါ်ခြူးယမုံဝင့်က စုပေါင်းကာကွယ်မီးခိုးမြူငွေ့ညစ်ညမ်းမှုအန္တရာယ်အကြောင်းအရာခေါင်းစဉ်ဖြင့်လည်းကောင်း၊ ဒုတိယဦးစီးမှူး ဒေါ်အေးပပဖြိုးက သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် အမျိုးသမီးများ၏ အခန်းကဏ္ဍခေါင်းစဉ်ဖြင့်လည်းကောင်း ကျောင်းသား၊ ကျောင်းသူများအား အသိပညာပေးဟောပြောဆွေးနွေးခဲ့ပြီး အလွန်သေးငယ်သော အမှုန်အမွှား (PM2.5)အကြောင်း သိကောင်းစရာအသိပညာပေး Video Clip ပြသခြင်း၊ ကျောင်းသား၊ ကျောင်းသူများနှင့် မေးခွန်းများ အပြန်အလှန်မေးမြန်းဖြေကြားခြင်း၊ အမှတ်တရဆုလက်ဆောင်များ ချီးမြှင့်ခြင်းတို့ ဆောင်ရွက်ခဲ့ကြောင်း သိရသည်။

(အပေါ်ဝဲပုံ)

**မြို့နယ်(ပြန်/ဆက်)**

## (၇၈)နှစ်မြောက် ပြည်ထောင်စုနေ့အထိမ်းအမှတ် မြို့နယ်အဆင့် စာစီစာကုံး၊ ကဗျာ၊ ဆောင်းပါးနှင့် ပန်းချီပြိုင်ပွဲ ကျင်းပ

**မြစ်သား ဖေဖော်ဝါရီ ၇**



(၇၈)နှစ်မြောက် ပြည်ထောင်စုနေ့အထိမ်းအမှတ် မြို့နယ်အဆင့် စာစီစာကုံး၊ ကဗျာ၊ ဆောင်းပါးနှင့် ပန်းချီပြိုင်ပွဲကို မန္တလေးတိုင်းဒေသကြီး၊ ကျောက်ဆည်ခရိုင်၊ မြစ်သားမြို့နယ် အခြေခံပညာနှင့် စက်မှုစိုက်ပျိုးမွေးမြူရေး အထက်တန်းကျောင်းတွင် ဖေဖော်ဝါရီ ၆ ရက် နံနက် ၉ နာရီကကျင်းပရာ အထက်တန်း၊ အလယ်တန်း၊ မူလတန်း ကျောင်းသား၊ ကျောင်းသူများ ပါဝင်ယှဉ်ပြိုင်ခဲ့ကြသည်။

အဆိုပါပြိုင်ပွဲတွင် ပြည်ထောင်စုနေ့နှင့်ပတ်သက်သည့် ခေါင်းစဉ်များဖြင့် အထက်တန်းအဆင့် စာစီစာကုံး၊ ကဗျာ၊ ဆောင်းပါးနှင့် ပန်းချီပြိုင်ပွဲများတွင် ၂၀ ဦး၊ အလယ်တန်းအဆင့် စာစီစာကုံး၊ ကဗျာနှင့် ပန်းချီပြိုင်ပွဲများတွင် ၁၅ ဦး၊ မူလတန်းအဆင့် စာစီစာကုံးနှင့် ပန်းချီပြိုင်ပွဲများတွင် ၁၀ ဦး၊ စုစုပေါင်း ၄၅ ဦးယှဉ်ပြိုင်ခဲ့ရာ မြို့နယ်ပညာရေးမှူးရုံးမှ တာဝန်ရှိသူများ၊ အခြေခံပညာနှင့် စက်မှုစိုက်ပျိုးမွေးမြူရေး အထက်တန်းကျောင်းမှ ဆရာ၊ ဆရာမများက အနီးကပ်ကြီးကြပ်ပေးလျက်ရှိကြောင်း သိရသည်။

(အပေါ်ပုံ)

**ဝင်းမင်းထွန်း(ပြန်/ဆက်)**

## သဘာဝတောများမှ နှစ်စဉ်ဝါးနှင့် ကြိမ်အလုံးရေသန်း (၄၀၀)ခန့် ထုတ်လုပ်နိုင်

မြန်မာနိုင်ငံရှိ သဘာဝတောများမှ နှစ်စဉ် ဝါးနှင့် ကြိမ်အလုံးရေ သန်း ၄၀၀ ခန့် ထုတ်လုပ်နိုင်ကြောင်း သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန၏ သတင်းထုတ်ပြန်ချက်အရ သိရသည်။

သစ်အခြေခံ၊ ကြိမ်နှင့် ဝါးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်လာစေရန် ကုန်ကြမ်းရရှိရေးအတွက် သဘာဝတောများမှ နှစ်စဉ်ထုတ်လုပ်နိုင်သည့် ဝါးလုံးရေ ၃၁၈ သန်းနှင့် ကြိမ်လုံးရေ ၇၇ သန်းရှိပြီး ပုဂ္ဂလိက ဝါးစိုက်ခင်းများ တည်ထောင်မှုကိုလည်း စိစစ်ခွင့်ပြုပေးလျက်ရှိကြောင်း သိရသည်။

ထို့ပြင် သစ်တောသယံဇာတ ရေရှည်တည်တံ့စေရန်အတွက် သစ်တောသယံဇာတ ထုတ်ယူသုံးစွဲခြင်းကို အကန့်အသတ်ဖြင့် ထုတ်ယူနေကြောင်း သိရသည်။

ထို့အပြင် ဈေးကွက်လိုအပ်ချက်နှင့်ကိုက်ညီသည့် သစ်၊ ဝါး၊ ကြိမ်အချောထည်များကို နည်းပညာအသုံးပြု၍ တိုးမြှင့်ထုတ်လုပ်တင်ပို့နိုင်ပါက အလုပ်အကိုင်အခွင့်အလမ်း ပိုမိုရရှိမည်ဖြစ်ကြောင်းလည်း သိရသည်။

(အောက်ဝဲပုံ) **ရွှေမန်း**



## (၇၈)နှစ်မြောက် ပြည်ထောင်စုနေ့ အထိမ်းအမှတ် မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ ၂၀၂၅ ခုနှစ်၊ (၂၁)ကြိမ်မြောက် မြို့တော်ဝန်ဖလား ဟင်းသီးဟင်းရွက်နှင့် သစ်သီးဝလံပန်းမန်ပြပွဲ၊ ပြိုင်ပွဲ ကျင်းပမည်


(၂၁)ကြိမ်မြောက် မြို့တော်ဝန်ဖလား ဟင်းသီးဟင်းရွက်နှင့် သစ်သီးဝလံပန်းမန်ပြပွဲ၊ ပြိုင်ပွဲကို ၇၈ လမ်းနှင့် သိပ္ပံလမ်းထောင့်၊ ဆင်ဖြူကန်ကွင်းအရှေ့ဘက်ခြမ်းနေရာတွင် ၂၀၂၅ ခုနှစ်၊ ဖေဖော်ဝါရီလ (၁၂)ရက်နေ့မှ (၁၅)ရက်နေ့ထိ ကျင်းပသွားမည်ဖြစ်ရာ ပြိုင်ပွဲတွင်

(၁) ပန်းအလှပြုပြင်ခြင်းပြိုင်ပွဲ
(၂) ပန်းအလှပင်ပြိုင်ပွဲ
(၃) ရာသီပန်းအလှပင်ပြိုင်ပွဲ
(၄) အရွက်အလှပင်ပြိုင်ပွဲ
(၅) ရွက်လှပင်ပြိုင်ပွဲ
(၆) ပြည်တွင်းသစ်ခွပြိုင်ပွဲ
(၇) ပြည်ပသစ်ခွပြိုင်ပွဲ(ကတ်တလီးယားပြိုင်ပွဲ)
(၈) ပြည်ပသစ်ခွ(စင်ဘီးဒီးယမ်းပြိုင်ပွဲ)
(၉) ပြည်ပသစ်ခွ(ဗန်ဒါပြိုင်ပွဲ)
(၁၀) နှင်းဆီပင်အမျိုးမျိုးပြိုင်ပွဲ
(၁၁) ရှားဇောင်းပင်ပြိုင်ပွဲ
(၁၂) သက်ကြီးပုပင်(ဘွန်ဆိုင်း)ပြိုင်ပွဲ
(၁၃) အသီးပါသည့် အလှအပင်ပြိုင်ပွဲ
(၁၄) ဟင်းသီးဟင်းရွက် အရွက်ပြိုင်ပွဲ (ဥပမာ-မုန်ညင်းရွက်)
(၁၅) ဟင်းသီးဟင်းရွက် အထုပ်ပြိုင်ပွဲ (ဥပမာ-ဂေါ်ဖီထုပ်၊ ပန်းမုန်လာထုပ်)
(၁၆) ဟင်းသီးဟင်းရွက် အသီးပါအပင်ပြိုင်ပွဲ (ဥပမာ-ခရမ်း၊ ငရုတ်)
(၁၇) ဟင်းသီးဟင်းရွက် ဥပြိုင်ပွဲ (ဥပမာ-မုန်လာဥ)
(၁၈) သစ်သီးပြိုင်ပွဲ (ဥပမာ-သဘော်သီး၊ ဖရဲသီး)
(၁၉) ဟင်းသီးအသီး အလုံးလိုက်ပြိုင်ပွဲ (ဥပမာ-ဘူးသီး)
(၂၀) သစ်သီးဝလံအခိုင်လိုက်ပြိုင်ပွဲ (ဥပမာ-ငှက်ပျောခိုင်၊ အုန်းသီးခိုင်)
(၂၁) သစ်သီးဝလံဥပြိုင်ပွဲ(ဥပမာ-စိမ်းစားဥ၊ ကန်စွန်းဥ၊ ဝဥ၊ မျောက်ဥ)
(၂၂) ဟင်းသီးအသီးအနံ့အတွဲလိုက်ပြိုင်ပွဲ (ဥပမာ-ခရမ်းချဉ်သီး)
(၂၃) သစ်သီးပုံဖော်အလှဆင်ခြင်းပြိုင်ပွဲ

ပြိုင်ပွဲအမျိုးအစားအားလုံးအတွက် ပထမဆု၊ ဒုတိယဆု၊ တတိယဆု၊ နှစ်သိမ့်ဆု(၃)ဆု ချီးမြှင့်မည် ဖြစ်ပါသည်။ ပါဝင်ယှဉ်ပြိုင်လိုသူများသည် ဟင်းသီးဟင်းရွက်နှင့် သစ်သီးဝလံပန်းမန်များအား ဆင်ဖြူကန်ကွင်းအရှေ့ဘက်ခြမ်း ကွပ်ကဲရေးရုံးသို့ ၂၀၂၅ ခုနှစ်၊ ဖေဖော်ဝါရီလ (၁၀)ရက်နေ့ ရုံးချိန်အတွင်း ပေးပို့ရမည်။ ပန်းအလှပြုပြင်ခြင်းနှင့် သစ်သီးပုံဖော်အလှဆင်ခြင်း ပြိုင်ပွဲများအတွက် ပြိုင်ပွဲဝင်ပစ္စည်းများကို ဖေဖော်ဝါရီလ(၁၁)ရက်နေ့ နံနက်(၁၁)နာရီအထိ လက်ခံဆောင်ရွက်ပေးပါမည်။ အသေးစိတ်အချက်အလက်များကို မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ၊ ပန်းဥယျာဉ်နှင့် ကစားကွင်းများဌာန၊ ဖုန်း(၀၉-၉၈၂၁၁၁၁၁၁၊ ၀၉-၂၅၉၀၈၀၇၅၇)တို့တွင် ဆက်သွယ်စုံစမ်းနိုင်ပါသည်။

## အခြေခံစားသောက်ကုန်များကို အထူးသက်သာသော ဈေးနှုန်းဖြင့် ရောင်းချပေးလျက်ရှိ

**မန္တလေး ဖေဖော်ဝါရီ ၇**




မန္တလေးတိုင်းဒေသကြီး၊ အစိုးရအဖွဲ့၏ စီစဉ်ကြီးကြပ်မှုဖြင့် မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ၊ စားသုံးသူရေးရာဦးစီးဌာန၊ မန္တလေးတိုင်းဒေသကြီး ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်း၊ မြန်မာနိုင်ငံ ဆန်စက်လုပ်ငန်းရှင်များအသင်း၊ မန္တလေးတိုင်းဒေသကြီး ဆီကုန်သည်များနှင့် ဆီလုပ်ငန်းရှင်များအသင်းတို့ ပူးပေါင်း၍ ဆန်၊ ဆီ၊ ကြက်ဥ၊ ဘဲဥ၊ ငါးများကို အထူးသက်သာသော ဈေးနှုန်းဖြင့် ရောင်းချမှုအစီအစဉ်ကို ချမ်းအေးသာစံမြို့နယ်၊ မန္တလေးမြို့တော် စည်ပင်သာယာရေးကော်မတီရုံးကြီး၊ ၂၆လမ်းနှင့် ၂၇လမ်းကြား၊ ၇၁လမ်းနှင့် ၇၂လမ်းကြားတွင် ယနေ့ မွန်းလွဲ ၂ နာရီမှ စတင်ကာ ရောင်းချပေးခဲ့သည်။

ထိုသို့ တိုက်ရိုက်ရောင်းချနေမှုအစီအစဉ်ကို မန္တလေးတိုင်းဒေသကြီးအစိုးရအဖွဲ့၊ စီးပွားရေးရာဝန်ကြီး ဦးသိန်းဌေးနှင့် တာဝန်ရှိသူများ၊ မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ၊ ဈေးနှင့်သားသတ်ဌာန၊ ဌာနမှူးဦးသက်နိုင်နှင့် တာဝန်ရှိသူများက အနီးကပ်ကြီးကြပ်ပြီး အဆင်ပြေစွာ ဝယ်ယူရရှိနိုင်ရေး ဆောင်ရွက်ပေးလျက်ရှိသည်။ (အပေါ်ပုံ)

မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီပိုင်ဈေးများနှင့် စားအုန်းဆီအသင်းမှ ဖြန့်ဖြူးရောင်းချပေးသော အဆိုပြုဆီဆိုင်များတွင် စားအုန်းဆီများကို နံနက် ၈ နာရီမှစတင်ကာ နေ့စဉ်ရောင်းချပေးလျက်ရှိကြောင်း သိရသည်။

**(မန္တလေးနေ့စဉ်-၆)**

# ရသေ့ကြီး ဦးခန္တီနှင့် မန္တလေးမြို့ သာသနာပြုဆောင်ရွက်ချက်များ



ရသေ့ကြီး ဦးခန္တီသည် မန္တလေးဇာတိမဟုတ်။ မန္တလေးတိုင်းဒေသကြီး၊ ရမည်းသင်းခရိုင်၊ တပ်ကုန်းမြို့နယ်၊ ညောင်လွန့်ဘူတာအနောက်ဘက် သုံးမိုင်ခန့်အကွာ ကြီးကြာအင်းကျေးရွာအုပ်စု၊ ရွာသာယာဇာတိဟု သိရသည်။ မိဘများမှာ ဦးရွှေလှနှင့် ဒေါက်(ခ)ဒေါ်ခိုဉတို့ ဖြစ်ပြီး မြန်မာနှစ် ၁၂၂၉ ခုနှစ်၊ ဝါခေါင်လပြည့်ကျော် ၅ ရက်၊ တနင်္လာနေ့ နံနက် ၂ နာရီကျော်တွင် ဖွားမြင်ခဲ့သည်။ နေ့သင့်နံသင့်နာမည်အဖြစ် မောင်ကျော်မောင်ဟု အမည်ပေးထားသော်လည်း မောင်ဖိုးမောင်ဟု ခေါ်တွင်ကြသည်။

**ရဟန်းအဖြစ်မှ ရသေ့အဖြစ် ကူးပြောင်း**

မောင်ဖိုးမောင်(ဦးခန္တီ)သည် သားဦးရတနာဖြစ်ပြီး ညီမတစ်ဦးနှင့် ညီတစ်ဦးရှိလေသည်။ မွေးဖွားစဉ်ကပင် ထူးခြားသည့် ဖြစ်စဉ်များ ရှိခဲ့သည်။ ဦးခန္တီလောင်းလျာ မောင်ဖိုးမောင် အသက် ၁၃ နှစ်တွင် မိဘတို့က ရှင်ပြုမင်္ဂလာပြုလုပ်ပြီး သိမ်ကုန်းရွာကျောင်းဆရာတော်က ရှင်ခန္တီဟု ဘွဲ့အမည်ပေးသည်။ ရဟန်းသိက္ခာသုံးဝါရချိန်၌ မန္တလေး (ရတနာပုံ)ရွှေမြို့တော်သို့ ရောက်ရှိကာ ပထမရွှေကျင်ဆရာတော်ဘုရားကြီး၊ ဒုတိယသစ်ဆိမ့်ဆရာတော်၊ ထို့နောက် ဘုရားကြီးတိုက်ဆရာတော်၊ စစ်ကိုင်းတောင်မှ ထွဋ်ခေါင်ဆရာတော်ဘုရားတို့ထံ လောကုတ္တရာပိဋကတ်စာပေအရပ်ရပ်ကို နှံ့စပ်အောင်သင်ယူတော်မူသည်။ ကမ္မဋ္ဌာန်းတရားများလည်း အားထုတ်သည်။

ကမ္မဋ္ဌာန်းတရားပွားများအားထုတ်၍ ခရီးရောက်လာသည်နှင့်အညီ ၁၂၆၁ ခုနှစ်၊ သက်တော် ၃၂ နှစ်အရွယ်တွင် သာသနာပြုရန် စိတ်အားသန်၍ ရဟန်းအသွင်မှ ရသေ့အဖြစ် ကူးပြောင်းခဲ့ရာက ရသေ့ကြီးဦးခန္တီ ဖြစ်လာသည်။ ရသေ့အဖြစ်ကူးပြောင်းပြီး ၁၂၆၁ ခုနှစ် ဝါဆိုဦးတွင် ရွှေမြင်တင်တောင်တွင် သီတင်းသုံးတော်မူ၍ ဒုတိယဝါဆိုလဆန်း ၁၄ ရက်မှစတင်ကာ လာရောက်လှူဒါန်းသည့် ဝတ္ထုငွေများဖြင့် ရွှေမြင်တင်တောင်မှ ရှေးဟောင်းသာသနိကအဆောက်အအုံများကို ပြုပြင်ခြင်းနှင့် အသစ်ဆောက်လုပ်သည်။

**စန္ဒာမုနိဘုရားအတွင်းမှ ကျောက်စာများ**

ရသေ့ကြီး ဦးခန္တီသည် မန္တလေးမြို့တွင် သာသာပြုလုပ်ငန်းများဆောင်ရွက်ရာ မန္တလေးတောင်တော်၏ သတ္တမမြောက် ဘုရားဒါယကာဟုလည်း ဆိုပါသည်။ ထိုမျှမက မန္တလေးတွင် ရသေ့ကြီး၏ ထူးခြားသည့် သာသနာပြုကုသိုလ်တစ်ခုမှာ စန္ဒာမုနိဘုရားအတွင်း ကျောက်စာချပ် ၁၇၇၄ ချပ်နှင့် ဓမ္မခန္ဓာစေတီများ တည်ထားခြင်း ဖြစ်သည်။

ရသေ့ကြီးသည် ဗုဒ္ဓဟောကြား ပိဋကတ်တော်များကို ကမ္ဘာတည်သရွေ့ တည်တံ့စေရန် မင်းတုန်းမင်းတြားကြီးကဲ့သို့ ဆောင်ရွက်ခြင်းဖြစ်သည်။

**ကျောက်စာရေးထိုးရန် ခြေလှမ်းပြင်**

ရဟန်းအဖြစ်မှ ရသေ့အဖြစ်သို့ ကူးပြောင်းလာသူဖြစ်ရာ ဗုဒ္ဓ၏ သုတ္တန်၊ ဝိနည်း၊ အဘိဓမ္မာ ပိဋကတ်တို့ကို သာသနာ ၅၀၀၀ မကတည်တံ့စေလိုသော ရည်ရွယ်ချက်ကြီးမားစွာဖြင့် ကျောက်ထက်အက္ခရာတင်ထုလုပ်ရန် မြန်မာနှစ် ၁၂၇၅ ခုနှစ်၊ နှစ်ဆန်းပိုင်းတွင် ခြေလှမ်းပြင်သည်။ ကျောက်ထက်အက္ခရာရေးထိုးရေးအတွက် သာသနာ့ဉသျှောင်ဆရာတော်ကြီးများထံ ခွင့်ပန်ကြားလျှောက်ထားခဲ့ပြီး မမှားမယွင်းစေရန်သုတ်သင် တည်းဖြတ်ပြီး ကျောက်ထက်အက္ခရာတင် စကျင်ကျောက်ချပ်များအား ဓမ္မခန္ဓာစေတီတော်များတည်ထားရေးတို့ကို တပည့်များနှင့် အလှူရှင်တို့ စုစည်းညီညာလုံ့လပြုခဲ့သည်။

ပါဠိတစ်ပုဒ်၊ အနက်တစ်ပိုဒ်ဖြင့် ကျောက်စာရေးထိုးရန် စာတော်မူ(စာမူ)နှင့်တကွ သံဃရာဇာဆရာတော်ကြီးနှင့် သာသနာပိုင်ဆရာတော်များ၊ သုဓမ္မာဆရာတော်များ၊ ဌာနချုပ်ဆရာတော်များထံ လျှောက်ထားခွင့်ပန်ခဲ့သည်။ ကျောက်စာရေးထိုးသည့်အပြင် ပေထက်အက္ခရာဆိုသော ပုံနှိပ်မှတ်တမ်းတင်ခဲ့ကြောင်းလည်း သိရသည်။

**ဆရာတော်ကြီးများထံ ခွင့်ပန်**

မဟာသံဃရာဇာသာသနာပိုင်ဆရာတော်ဘုရားအား ရသေ့ကြီး ဦးခန္တီ လျှောက်ထားရာ "ဘုရားတပည့်တော်သည် ၁၂၆၉ ခုနှစ် တပေါင်းလဆန်း ၁ ရက်ကစ၍ မန္တလေးတောင်၊ ထက်အောက်ဝန်းကျင်ဌာနတို့၌ စေတီရပ်ပွား၊ ဘုရားဆင်းတု၊ စောင်းတန်း၊ တန်ဆောင်း၊ ရေတွင်းရေကန်စသော ကုသိုလ်အဆောက်အအုံဟူသမျှကို ဝါယမစိုက်ထုတ် ပြုစုပြင်ဆင်ခဲ့ရာ သုံးပုံနှစ်ပုံခန့် ပြီးမြောက်အောင်မြင်ပြီးပါကြောင်း၊ ကြွင်းကျန်သေးသော အဆောက်အအုံများကိုလည်း ပြုစုပြင်ဆင်လျက်ရှိပါကြောင်း၊ ၁၂၇၅ ခုနှစ်၊ တန်ခူးလ၊ ကဆုန်လလောက်မှစ၍ ပိဋကတ်သုံးပုံ အဋ္ဌကထာ ပါဠိများကို ဘုန်းတော်ကံတော်အမှီပြု၍ တစ်စတစ်စ ဝါယမစိုက်ထုတ်၍ ကျောက်ထက်အက္ခရာ ထုလုပ်ကိုးကွယ်ပူဇော်ရန်၊ မူတော်စာနှင့်တကွ ထုလုပ်ကိုးကွယ်ပူဇော်ခွင့်အမိန့်တော်စာ၊ချီးမြှင့်သနားတော်မူပါမည့်အကြောင်းကို ရှိသေလေးမြတ်စွာ အသနားတော်ခံပါသည်၊ ဘုန်းတော်ကြီးလှသော မဟာသံဃရာဇာ သာသနာပိုင်ဆရာတော်ကြီးဘုရား"ဟု ပါရှိသည်။

**သံဃရာဇာ သာသနာပိုင်တို့ ခွင့်ပြု**

၁၂၇၅ ခုနှစ် တန်ခူးလပြည့်ကျော် ၁ ရက်က ဦးခန္တီ၏ ကျောက်ထက်အက္ခရာတင်ရန် လျှောက်ထားချက်ကို သံဃနာယကဆရာတော်၊ သုဓမ္မာဆရာတော်ဘုရားကြီးများက ခွင့်ပြုပြီး မဟာသံဃာ့ရာဇာ သာသနာပိုင်ဆရာတော်ဘုရားကြီးကလည်း ဆိုင်ရာဆိုင်ရာအလိုက် ကူညီဆောင်ရွက်အားထုတ်ကြစေဟု ကဆုန်လဆန်း ၈ ရက်တွင် ခွင့်ပြုခဲ့သည်။


ကဆုန်လပြည့်ကျော် ၁၅ ရက်တွင် မဟာသံဃရာဇာ၊ သာသနာပိုင်ဆရာတော်ကြီး၏ ခွင့်ပြုအမိန့်တော်အရ နာယကဆရာတော်၊ သုဓမ္မာဆရာတော်၊ ဌာနချုပ်ဆရာတော်၊ အနုဝိဇ္ဇကဆရာတော်တို့ စုံညီစည်းဝေးညှိနှိုင်းတိုင်ပင်၍ ကဏ္ဍအလိုက် ဆိုင်ရာဆိုင်ရာ သုတ်သင်တည်းဖြတ်ရေးအတွက် ဖွဲ့စည်းလေသည်။ ထိုအဖွဲ့သည် အထပ်ထပ်စစ်ဆေးအတည်ပြုပြီးသော စာမူတော်ကို ကျောက်စာထက်တင် ကျောက်ဆစ်ထု ပန်းတမော့ဆရာများက ထုလုပ်ကြသည်။ ထုလုပ်ပြီးချိန်၌လည်း အမှားအယွင်းပြင်ဆင်၍ စန္ဒာမုနိဘုရားပရိဝုဏ်အတွင်း ပင်မစေတီတော်ကိုရံလျက် ဓမ္မခန္ဓာစေတီတော်များအဖြစ် တည်ထားပူဇော်ခဲ့ရာ ကျောက်စာချပ်ပေါင်း ၁၇၇၄ ချပ် ဖြစ်သည်ဟု သိရသည်။

ထိုပိဋကတ်ကျောက်စာချပ်များကို စန္ဒာမုနိဘုရားအတွင်း ဓမ္မစေတီတော်များအဖြစ် ထီးတော်၊ စိန်ဖူးတော်၊ ငှက်မြတ်နားတို့ဖြင့် တည်ထားပူဇော်ခဲ့သည်။ တည်ထားပူဇော်သည့် မှတ်တမ်းတွင် "ထီးငှက်မြတ်နား၊ စိန်ဖူးများဖြင့် စီစဉ်ပူဇော်သောစေတီတစ်ဆူမှ ငွေအသပြာ ၂၂၀၀ မျှသာ ကုန်ကျပါမည်။ ၄င်း၂၂၀၀ အသပြာငွေစင်ဖြင့် စီစဉ်ပူဇော်အပ်သောပိဋကတ်ကျောက်စာ၊ မဟာထူပါစေတီတော်"ဟူ၍ ဖော်ပြထားသည်။ အသပြာ ၂၂၀၀ ဓမ္မစေတီတော် တစ်ဂူစာအတွက် တစ်ကြိမ်တည်းဖြစ်စေ၊ တစ်နှစ်လျှင် ၃ ကြိမ် ဖြစ်စေ၊ တစ်လလျှင် တစ်ရာကျပ်ဖြင့် ၂၂ လဖြစ်စေ၊ အစိတ်စိတ်ခွဲ၍ အလှူခံခြင်း ဖြစ်သည်။

**မန္တလေးတောင်နှင့် သံထည်အဆောက်အအုံများ**

"အလှမ်းမဝေးပေါင်-မန္တလေးတောင်-မြွေကြီး နှစ်ကောင်ကြည့်ရအောင်"။ "အသက်ကလေးရယ်ရှည်စေလို- မန်းတောင်ရိပ်ခို"ဟူ၍ မန္တလေးတောင်ကို သိကြသည်။ အရောက်သွားကြသည်။ ထိုမန္တလေးတောင်တွင် သာသနာပြုခဲ့သူမှာ ရသေ့ကြီး ဦးခန္တီပင်ဖြစ်ပြီး နှစ်ပေါင်း ၃၀ ကျော်ကြာ သီတင်းသုံးနေထိုင်ခဲ့သည်။

မန္တလေးတောင်သည် ပင်လယ်ရေမျက်နှာပြင်အထက် ၇၇၆ ပေအမြင့်ရှိပြီး တောင်ပေါ်သို့ တက်ရောက်ဘုရားဖူးရန် စောင်းတန်းလေးသွယ်နှင့် ဇရပ်များကိုမြန်မာနှစ် ၁၂၆၉ ခုနှစ်၊ ၁၉၀၇ ခုနှစ်ကစတင်၍ ပန်းပဲဆရာကြီး ဦးဘတုတ်ကို လုပ်ငန်းအပ်နှံ၍ သံထည်များနှင့် တည်ဆောက်ခဲ့သည်။ ထိုအချိန်က ကျောင်းကန်ဘုရား၊ လူနေအိမ်၊ အဆောက်အအုံများသည် သစ်ဖြင့် ဆောက်လုပ်ကြသည်ဖြစ်သော်လည်း ရသေ့ကြီးဦးခန္တီသည် နှစ်ပေါင်း ကြာရှည်ခိုင်ခံ့ရန်၊ လေဒဏ်မိုးဒဏ်ရာသီဥတုဒဏ်ခံနိုင်ရန်အတွက် သံထည်ဖြင့် တည်ဆောက်ခဲ့ခြင်းဖြစ်ရာ ခေတ်မီသော အတွေးအခေါ်ဟုဆိုရပေမည်။ ထိုသံထည်အဆောက်အအုံကို လွန်ခဲ့သော နှစ်ပေါင်း ၁၁၀ ကျော်က ဆောက်လုပ်ခဲ့သဖြင့် သံထည်အဆောက်အအုံအစ- ဦးခန္တီကဟု ဆိုရမည်။






လိုအပ်သော ကုန်ကြမ်းများကို အိန္ဒိယမှ ဝယ်ယူကာ ပင်လယ်ရေကြောင်းမှ တစ်ဆင့် ရန်ကုန်ရောက်ရှိပြီး ထိုမှတစ်ဆင့် မီးရထားဖြင့် မန္တလေးသို့ သယ်ယူသည်။ အချို့သံချောင်း သံယက်မများမှာ ကွေ့ကောက်သည်များလည်း ရှိသည်။ ထိုသို့ ကွေ့ကောက်သည်များကို ဖြောင့်စက်(သံဖိစက်)မှာ မန္တလေးတောင်ခြေတွင် မြင်တွေ့နိုင်သေးသည်။

ထိုစဉ်က အင်္ဂလိပ်တို့ အုပ်စိုးသောကာလဖြစ်ပြီး သံဂဟေဆော်စက်များမရှိ ဝန်ချီစက်များမရှိသော်လည်း သံဒိုင်းများ၊ သံယက်မများ တစ်ခုနှင့်တခု ချိတ်ဆက်ရာတွင် အပေါက်ဖောက်၍ မှိုတေခြင်းနှင့် နတ်ဆွဲခြင်းတို့ဖြင့် ခိုင်ခံ့စေခဲ့သည်။ ကွေးကောက်သော သံထည်များကို သံဖိစက်ဖြင့် ဖြောင့်ရသည်။ ပန်းပဲအဖွဲ့ ၆ ဖွဲ့၊ ပန်းရံအဖွဲ့ ၆ဖွဲ့ လက်သမားအဖွဲ့ ၆ ဖွဲ့ဖြင့် မန္တလေးတောင်သာသနာအဆောက်အုံများ တည်ဆောက်ခဲ့ရာ နေ့စားခအဖြစ် တစ်ဦးလျှင် မြန်မာငွေ ငါးမူးမှ ရှစ်မူးထိသာ ပေးရသည်။ ရသေ့ကြီးနှင့်အတူ လုပ်သားတို့၏ ကြံ့ရည်ဖန်ရည်နှင့် ချွေးစက်တို့က အေးမြသော အရိပ်အာဝါသကို ပေးစွမ်းနေဆဲဖြစ်ရာ နန်းတော်ရှေ့ဆရာတင်က "မြန်မာ့ဂုဏ်ရည်"တေးသီချင်းဖြင့် ရေးဖွဲ့မှတ်တမ်းပြုခဲ့သည်။

မင်းကွန်းခေါင်းလောင်းကြီးကိုရအောင် ဘယ်လိုချီ ညော်- ချွေးတို့စက်က ဘယ်မှာ ×× ရနိုင်မည်×××လက်နဲ့ ကြိုးနဲ့ဆွဲကာ ××မြဲရရှာလေသည်×× မန္တလေးတောင်တော်မဟီ ×××ရသေ့ရှင်ခန္တီ××အင်ဂျင်နီယာတွေ မခေါ် ××ရသေ့ကြီး ကိုယ်တိုင်ကြံစည်ပါသည် ××× ရာဇဝင်များမှာထင်ရှားတဲ့×××မြန်မာဂုဏ်ရည် ×××" ဟူ၍ ဖြစ်သည်။

ရသေ့ကြီးဦးခန္တီသည် ၄၇ ဌာနသို့ သာသနာပြုလုပ်ငန်းများ ဆောင်ရွက်ခဲ့ရာတွင် သံထည်အဆောက်အအုံများကို တွေ့ရသည်။ မန္တလေးတောင်ကို အခြေပြု၍ ရသေ့ကြီး ဦးခန္တီ၏ ထင်ရှားလူသိများသော သာသနာပြုကုသိုလ်အဖြစ် မန္တလေးမြို့၊ စန္ဒာမုနိဘုရားမှ ကျောက်စာချပ်များနှင့် မန္တလေးတောင်မှ သံထည်စောင်းတန်းများဖြစ်သည်။ ရသေ့ကြီးဦးခန္တီ၏ ဉာဏ်အမြော်အမြင်ကြီးစွာဖြင့် ဆောင်ရွက်ခဲ့သော သာသနာပြု စေတီပုထိုး စောင်းတန်းတို့သည် အရှည်တည်တံ့လျက်ရှိသည်ကို မြင်တွေ့ရပေလိမ့်မည်။

ခိုင်ဆက်ဝေ

## အောင်ချမ်းသာအထက(ခွဲ)တွင် ရှေးဦးပြုစုခြင်း(အခြေခံ)သင်တန်းဖွင့်လှစ်

**မန္တလေး ဖေဖော်ဝါရီ ၇**

မန္တလေးတိုင်းဒေသကြီး ကြက်ခြေနီကြီးကြပ်မှုကော်မတီက ကြီးမှူး၍ ပုသိမ်ကြီးမြို့နယ် ကြက်ခြေနီအသင်းခွဲတို့ပူးပေါင်း၍ ရှေးဦးပြုစုခြင်း(အခြေခံ)သင်တန်းကို ဖေဖော်ဝါရီ ၅ရက်က ပုသိမ်ကြီးမြို့နယ် အောင်ချမ်းသာအခြေခံပညာအထက်တန်းကျောင်းခွဲတွင် ပြုလုပ်ရာ မန္တလေးတိုင်းဒေသကြီး ကြက်ခြေနီကြီးကြပ်မှုကော်မတီ အတွင်းရေးမှူးနှင့် ကော်မတီဝင်များ၊ ပုသိမ်ကြီးမြို့နယ်ကြက်ခြေနီ အသင်းခွဲနှင့် မန္တလေးတိုင်း ကြက်ခြေနီတပ်ဖွဲ့မှ နည်းပြများ၊ ကျောင်းသား၊ ကျောင်းသူများ တက်ရောက်ကြသည်။

သင်တန်းတွင် မန္တလေးတိုင်းဒေသကြီး ကြက်ခြေနီကြီးကြပ်မှု ကော်မတီအတွင်းရေးမှူး ဦးကျော်ကျော်က အမှာစကားပြောကြားသည်။ ထို့နောက် မန္တလေးတိုင်းဒေသကြီး၊ ကြက်ခြေနီတပ်ဖွဲ့မှ နည်းပြများနှင့် ပုသိမ်ကြီးမြို့နယ် ကြက်ခြေနီနည်းပြများက မြန်မာနိုင်ငံကြက်ခြေနီအသင်း၏ ဖွဲ့စည်းပုံနှင့်ရည်ရွယ်ချက်များ၊ ထိခိုက်ဒဏ်ရာရှေးဦးပြုစုနည်းများ၊ လူနာဆန်းစစ်ခြင်းဘာသာရပ်များအား စာတွေ့၊ လက်တွေ့ပုံစံငယ်များဖြင့် သင်ကြားပို့ချပေးကြောင်း သိရသည်။ **(အပေါ်ပုံ) (ဝ၄၅)**



## (၇၈)နှစ်မြောက် ပြည်ထောင်စုနေ့အထိမ်းအမှတ် ကျောင်းတွင်း စာစီစာကုံး၊ ကဗျာ၊ ပန်းချီပြိုင်ပွဲများ ကျင်းပ



**တောင်တွင်းကြီး ဖေဖော်ဝါရီ ၇**

မကွေးတိုင်းဒေသကြီး၊ မကွေးခရိုင်၊ တောင်တွင်းကြီးမြို့နယ်၊ အမှတ်(၁)အခြေခံပညာအထက်တန်းကျောင်းတွင် (၇၈)နှစ်မြောက် ပြည်ထောင်စုနေ့အထိမ်းအမှတ် ကျောင်းတွင်း စာစီစာကုံး၊ ကဗျာ၊ ပန်းချီပြိုင်ပွဲများကို ဖေဖော်ဝါရီ ၆ ရက် နံနက် ၉ နာရီက ကျင်းပခဲ့သည်။

အဆိုပါ စာစီစာကုံး၊ ကဗျာ၊ ပန်းချီပြိုင်ပွဲများကို အ.ထ.က(၁)မှ ကျောင်းအုပ်ဆရာမကြီးဒေါ်အေးအေးကြည်နှင့် ဆရာမများက အနီးကပ်ကြီးကြပ်၍ စာစီစာကုံးပြိုင်ပွဲတွင် "ပြည်ထောင်စုနေ့ဒို့မမေ့"ခေါင်းစဉ်ဖြင့် ထက်၊ လယ်၊ မူအဆင့် ကျောင်းသား၊ ကျောင်းသူ ၅၆ ဦး၊ ပန်းချီပြိုင်ပွဲတွင် "စည်းလုံးခြင်းသည် အင်အား" ခေါင်းစဉ်ဖြင့် ထက်၊ လယ်၊ မူအဆင့် ကျောင်းသား၊ ကျောင်းသူ ၅၅ ဦး၊ ကဗျာပြိုင်ပွဲတွင် "စည်းလုံးခြင်းသည် အင်အား" ခေါင်းစဉ်ဖြင့် ထက်၊ လယ်၊ မူအဆင့် ကျောင်းသား၊ ကျောင်းသူ ၃၀ ဦးတို့ ဝင်ရောက်ယှဉ်ပြိုင်ခဲ့ကြကြောင်း သိရသည်။**(အပေါ်ဝဲပုံ)**

**နောင်နောင်(ဗိဿနိုးမြေ)**

## နိုင်ငံသားစိစစ်ရေးကတ်များ ကွင်းဆင်းဆောင်ရွက်ပေး

**ပျဉ်းမနား ဖေဖော်ဝါရီ ၇**

ပြည်ထောင်စုနယ်မြေ၊ နေပြည်တော်၊ ပျဉ်းမနားမြို့နယ်၊ ကျီးအင်းကျေးရွာ၌ လူဝင်မှုကြီးကြပ်ရေးနှင့်ပြည်သူ့အင်အားဝန်ကြီးဌာန ပျဉ်းမနားမြို့နယ် ဦးစီးမှူးရုံးမှ ဦးစီးအရာရှိ ဦးသန်းထွန်းအောင်နှင့် ဝန်ထမ်းများက လူမှုဘဝပြည့်စုံဖို့ နိုင်ငံသားကတ်ကိုင်ကြစို့ ဆောင်ပုဒ်နှင့်အညီ နိုင်ငံသားစိစစ်ရေးကတ်များကို ဖေဖော်ဝါရီ ၆ ရက် နံနက်ပိုင်းက ကွင်းဆင်း ဆောင်ရွက်ပေးခဲ့သည်။

ထိုသို့ ဆောင်ရွက်ပေးရာတွင် လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန ပျဉ်းမနားမြို့နယ် ဦးစီးမှူးရုံးမှ ဦးစီးအရာရှိ ဦးသန်းထွန်းအောင်က လူဝင်မှုကြီးကြပ်ရေးနှင့်ပြည်သူ့အင်အားဝန်ကြီးဌာနမှ အသက် ၁၀ နှစ်ပြည့်ပြီးသူများနှင့် အသက် ၁၈ နှစ်ပြည့်ပြီးသူများကို နိုင်ငံသားစိစစ်ရေးကတ်များအား ဥပဒေနှင့်အညီ ထုတ်ပေးလျက်ရှိကြောင်း၊ နိုင်ငံသားအခွင့်အရေးများ ဆုံးရှုံးမှုမရှိစေရေး နိုင်ငံသားတိုင်း ရယူပိုင်ဆိုင်သင့်သည့် နိုင်ငံသားစိစစ်ရေးကတ်ပြားများ ဆောင်ရွက်ပေးနေမှု အခြေအနေတို့နှင့် ပတ်သက်၍ ရှင်းလင်းပြောကြားခဲ့သည်။

ထို့နောက် ကျီးအင်းကျေးရွာအုပ်စု၊ ကျီးအင်းကျေးရွာအတွင်းရှိ ပြည်သူ ၄၀ ဦးအား နိုင်ငံသားစိစစ်ရေးကတ်ပြားများ ပြုလုပ်ပေးခြင်းနှင့် ဇီဝဆိုင်ရာအချက်အလက် (Biometric Data) ကောက်ယူသည့် လုပ်ငန်းစဉ်များတွင် ပူးပေါင်းဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။ **မြို့နယ်(ပြန်/ဆက်)**




အသက်
သည်
သွေး၊
သွေးသည်
အသက်။

ဖတ်စရာ၊ မှတ်စရာ
စုံလင်
မန္တလေး

## တောအလှူပွဲ

* ငွေနှင်းမှုန် ရှစ်ခွင်သိုင်း
ရွှေရောင်ဝိုင်း စပါးခင်းတွေ
စိန်ရွှေငွေ ရတနာထက်
ပေါ်များလျက်ပေ။

* သီးနှံတွေ အထွက်ကဲနေ
ပြုံးပျော်မြဲ တို့တောင်သူ
ရင်ထဲဝယ် ဒါနပန်း
ပွင့်လန်းမွှေးကြူ။

* သားရှင်ပြုကုသိုလ်ယူ
အလှူတော်ရက်မြတ်ရွေး
ရွာထဲမယ်ကာလသားတစ်သိုက်
အားစိုက်ကူပေး။

* သဒ္ဓါတရားထက်သန်ပုံ
ပြောမကုန်တောအလှူပွဲ
အိမ်တိုင်းဝယ် မီးခိုးတိတ်
စိတ်တူဆင်နွှဲ။ ။

**မောင်မောင်လင်းထွဋ်(နန်းတော်ရှေ့)**

## တာချီလိတ်ညဈေး (Tachileik Night Market)ဖွင့်လှစ်ရောင်းချနိုင်ရန် နေရာသတ်မှတ်မှု တည်နေရာအတွက် မဲနှိုက်နေရာချပေး

**တာချီလိတ် ဖေဖော်ဝါရီ ၇**

ရှမ်းပြည်နယ်(အရှေ့ပိုင်း)၊ တာချီလိတ်မြို့၊ မကာဟိုခမ်းရပ်ကွက်ရှိ ဂေါက်ကွင်းသွားလမ်းတွင် ညဈေး (Tachileik Night Market) ဖွင့်လှစ်ရောင်းချနိုင်ရန် နေရာသတ်မှတ်မှု တည်နေရာအတွက် မဲနှိုက်နေရာချပေးခြင်းကို ဖေဖော်ဝါရီ ၆ရက် နံနက် ၁၀ နာရီခွဲက အောင်မြတ်ခန်းမ၌ ကျင်းပခဲ့သည်။

ရှေးဦးစွာ တာချီလိတ်မြို့နယ် စည်ပင်သာယာရေးဌာနမှ အမှုဆောင်အရာရှိ ဦးကျော်မင်းထိုက်က အမှာစကားပြောကြားပြီး ညဈေးကြီးကြပ်မှုကော်မတီမှ တာဝန်ရှိသူများက ညဈေးနေရာသတ်မှတ်မှု တည်နေရာချထားမှု အခြေအနေများကို ရှင်းလင်းပြောကြားခဲ့သည်။

ထို့နောက် တက်ရောက်လာသည့် ဈေးသူ၊ ဈေးသားများက သိရှိလိုသည်များကို မေးမြန်းရာ အမှုဆောင်အရာရှိက ပြန်လည်ရှင်းလင်းဖြေကြားပြီး ဈေးသူ၊ ဈေးသားများအား ဆိုင်ခန်းနေရာများအတွက် မဲနှိုက်နေရာချပေးခဲ့သည်။

အဆိုပါ ဂေါက်ကွင်းလမ်းတွင် ဖွင့်လှစ်မည့် တာချီလိတ်မြို့ ညဈေး(Tachileik Night Market)တွင် Entertainment Zone၊ Public Toilet များထားရှိပြီး အဝတ်အထည်နှင့် လက်ဆောင်ပစ္စည်းဆိုင်တန်း ၃၅ ခန်း၊ အသီးအနှံဆိုင်တန်း ၇ ခန်း၊ အစားအသောက်နှင့် အအေးဆိုင်တန်း ၁၆၇ ခန်း၊ ၁၀ ပေ ၆ ပေရှိ လက်တွန်းလှည်းများ ၆၀ ခု၊ ၁၀ ပေပတ်လည် မိုးကာတဲ ၂၂၉ ခန်း၊ ၁၀ ပေ ၆ ပေ သုံးဘီးနှင့် ဘေးတွဲ ၄၆ ကွက်၊ Car Parking နှစ်ခု၊ Motorcyle Parking နှစ်ခုနှင့် Night Market မုခ်ဦး တစ်ခုပါရှိကာ စတင် ဖွင့်လှစ်မည့် ပထမလကို အခမဲ့ ရောင်းချခွင့်ပြုမည်ဖြစ်ကြောင်း သိရသည်။**(အောက်ပုံ)**

**မြို့နယ်(ပြန်/ဆက်)**



## သတင်းပဒေသာ

### အခွင့်အရေးအရပ်ရပ်လုပ်ငန်းလိုင်စင်များ ဈေးပြိုင်စနစ်ဖြင့် လေလံရောင်းချ

ရှမ်းပြည်နယ်(တောင်ပိုင်း)၊ ရပ်စောက်မြို့နယ်နှင့် အင်တောမြို့နယ်ခွဲ စည်ပင်သာယာရေးဌာနတို့မှ ၂၀၂၅-၂၀၂၆ ဘဏ္ဍာရေးနှစ်အတွက် အခွင့်အရေးအရပ်ရပ်လုပ်ငန်းလိုင်စင်(၂၉)ခုနှင့် သားသတ်လိုင်စင်(၂၂)ခုတို့၏ လုပ်ကိုင်ခွင့်များကို ဈေးပြိုင်စနစ်ဖြင့် လေလံရောင်းချပွဲ အခမ်းအနားအား ယမန်နေ့ နံနက်ပိုင်းက ရသဿဝတီခန်းမ၌ ကျင်းပရာ မြို့နယ်လေလံရောင်းချရေးအဖွဲ့ဥက္ကဋ္ဌကိုယ်စား မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဝင် ဦးသက်အောင်က အမှာစကားပြောကြားသည်။

ဆက်လက်၍ ရပ်စောက်မြို့နယ် စည်ပင်သာယာရေးဌာနအမှုဆောင်အရာရှိ ဦးမျိုးမြင့်အောင်က စည်းမျဉ်းစည်းကမ်းများ၊ လိုင်စင်များဈေးပြိုင်စနစ်ဖြင့် စိစစ်ရောင်းချခြင်းနှင့်ပတ်သက်၍ ရှင်းလင်းပြောကြားခဲ့သည်။ အဆိုပါ အခမ်းအနားသို့ ကလောမြို့နယ် စည်ပင်သာယာရေးဌာနမှ အမှုဆောင်အရာရှိ ဒုတိယညွှန်ကြားရေးမှူး ဦးကျော်မိုးထွန်း၊ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဝင်များ၊ မြို့နယ်လေလံရောင်းချရေးကြီးကြပ်မှုအဖွဲ့၊ လေလံဆွဲဝယ်ယူမည့်လုပ်ငန်းရှင်များ တက်ရောက်ခဲ့ကြောင်း သိရသည်။ **မြို့နယ်(ပြန်/ဆက်)**

---

### ပြည်ထောင်စုနေ့အထိမ်းအမှတ် အကြို ဟောပြော

ရှမ်းပြည်နယ်(တောင်ပိုင်း)၊ မိုင်းရှူးခရိုင်၊ မိုင်းရှူးမြို့နယ်၊ အမှတ်(၁)အခြေခံပညာမူလတန်းကျောင်းတွင် ယမန်နေ့မွန်းလွဲ ၁ နာရီခွဲက (၇၈)နှစ်မြောက်ပြည်ထောင်စုနေ့အထိမ်းအမှတ်အကြို ဟောပြောပွဲ၊ နံရံကပ်စာစောင်နှင့် ဓာတ်ပုံပြပွဲ ဆောင်ရွက်ခဲ့ရာ ပြန်/ဆက် မြို့နယ်ဦးစီးမှူး ဒေါ်ခင်လေးလေးယုက ပြည်ထောင်စုနေ့ ဖြစ်ပေါ်လာပုံအကြောင်း ဟောပြောသည်။

ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ ခင်းကျင်းပြသထားသည့် အမှတ်တရပုံရိပ်များ၊ ကျန်းမာရေးအသိပညာပေး၊ လူကုန်ကူးမှုအန္တရာယ်တားဆီးကာကွယ်ရေးအသိပညာပေးနှင့် မူးယစ်ဆေးဝါးအန္တရာယ်ဆိုင်ရာ အသိပညာပေး ဓာတ်ပုံပြပွဲနှင့် နံရံကပ်စာစောင်များကို ကျောင်းသား၊ ကျောင်းသူများက စိတ်ပါဝင်စားစွာ လေ့လာကြည့်ရှုကြကြောင်း သိရသည်။

**မြို့နယ်(ပြန်/ဆက်)**

---

### သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေး အသိပညာပေးဟောပြောပွဲ ကျင်းပ

ရှမ်းပြည်နယ်တောင်ပိုင်း၊ နမ့်စန်ခရိုင်၊ နမ့်စန်မြို့နယ်တွင် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနနှင့် အားကစားနှင့်ကာယပညာဦးစီးဌာနတို့ ပူးပေါင်းဆောင်ရွက်သော စာဖတ်ရှိန်မြှင့်တင်ရေးနှင့်သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေး အသိပညာပေးဟောပြောပွဲကို ယမန်နေ့ နံနက်၉ နာရီခွဲက မိုင်းစိတ်ကျေးရွာရှိ အခြေခံပညာအထက်တန်းကျောင်းတွင် ကျင်းပခဲ့သည်။

ရှေးဦးစွာ မြို့နယ်ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှဦးစီးအရာရှိ ဒေါ်ဥမ္မာအောင်က သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေးနှင့် စာဖတ်ခြင်း၏ အကျိုးကျေးဇူးတို့ကို အသိပညာပေး ဟောပြောခဲ့ကြောင်းသိရသည်။ **မြို့နယ်(ပြန်/ဆက်)**

---

### အလွတ်တန်းဘော်လီဘောပြိုင်ပွဲ ကျင်းပ

စစ်ကိုင်းတိုင်းဒေသကြီး၊ ကလေးဝမြို့တွင် (၇၈)နှစ်မြောက် ပြည်ထောင်စုနေ့အထိမ်းအမှတ် အလွတ်တန်းဘော်လီဘောပြိုင်ပွဲကို ယမန်နေ့ ညနေ ၃ နာရီက ပြည်သူ့အားကစားကွင်းရှိ မိုးလုံလေလုံ အားကစားခန်းမ၌ ကျင်းပခဲ့သည်။

အခမ်းအနားတွင် မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးတင်ဇော်ဇော်အောင်က အဖွင့်အမှာစကားပြောကြားပြီး ပြိုင်ပွဲဝင်များမှ သစ္စာအဓိဋ္ဌာန်(၄)ချက်ကို သီဆိုကာ စတင်ယှဉ်ပြိုင်ခဲ့ကြပြီး ပြိုင်ပွဲအား ဆက်လက်ယှဉ်ပြိုင်ခဲ့ကြောင်း သိရသည်။

**မြို့နယ်(ပြန်/ဆက်)**



## မြို့နယ်လုံးကျွတ် ဆွမ်းဆန်စိမ်းလောင်းလှူပွဲ ကျင်းပ

**မိုင်းကိုင် ဖေဖော်ဝါရီ ၇**

ရှမ်းပြည်နယ်တောင်ပိုင်း၊ လွိုင်လင်ခရိုင်၊ မိုင်းကိုင်မြို့နယ်၌ (၂၉)ကြိမ်မြောက်၊ မြို့နယ်လုံးကျွတ်ဆွမ်းဆန်စိမ်းလောင်းလှူပွဲကို ယမန်နေ့ မွန်းလွဲ ၁ နာရီက သမိုင်းဝင်ရွှေမြင်ထင်မွေတော်စေတီတော်ကြီး၏ ဘုရားဝတ္တကမြေ၌ စည်ကားသိုက်မြိုက်စွာ ကျင်းပခဲ့သည်။

ထိုကဲ့သို့ ဆွမ်းဆန်စိမ်းလောင်းလှူရာတွင် ဘုရားရုပ်ပွားတော်အား ရှေ့ဆုံးမှပင့်ဆောင်ပြီး ဆရာတော်သံဃာတော်များက ရွှေမြင်ထင်မွေတော်စေတီတော်အနောက်ဘက်စောင်းတန်းမှ စတင်၍ လမ်းမကြီးတစ်လျှောက်၊ မွေတော်တောင်ဘုန်းတော်ကြီးကျောင်းမှတဆင့် ရွှေမြင်ထင်မွေတော်စေတီတော်ကြီးကို ဝန်းရံကာ ဆွမ်းခံကြွရောက်တော်မူကြရာ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ၊ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးမောင်တင်ဦးနှင့် ဌာနဆိုင်ရာများ၊ နယ်မြေခံတပ်ရင်းတပ်ဖွဲ့နှင့်မိသားစုဝင်များ၊ မြို့နယ်အတွင်းရှိ ရပ်ကွက်နှင့် ကျေးရွာအုပ်စု(၂၉)အုပ်စုမှ ဒေသခံပြည်သူများက ဆွမ်းဆန်၊ အလှူငွေ၊ ဒေသထွက်သီးနှံများ၊ အချိုရည်၊ သောက်ရေသန့်နှင့် ဆေးဝါးပစ္စည်းမျိုးစုံ၊ လှူဖွယ်ဝတ္ထုအစုစုတို့ဖြင့် စေတနာထက်သန်စွာ လောင်းလှူပူဇော်ခဲ့ကြသည်။

အဆိုပါ ဆွမ်းဆန်စိမ်းလောင်းလှူပွဲသို့ မိုင်းကိုင်မြို့နယ်အတွင်းရှိ ဘုန်းတော်ကြီးကျောင်းပေါင်း (၃၈)ကျောင်းမှ ဆရာတော်သံဃာတော်၈၇ပါး၊ ရှင်သာမဏေ ၆၁၂ ပါး၊ စုစုပေါင်း ၆၉၉ပါးတို့က ကြွရောက်ဆွမ်းခံခဲ့ကြရာ ဆရာတော်၊ သံဃာတော်များ အေးချမ်းသာယာစွာ အလှူခံကြွရောက်နိုင်ရန်အတွက် မြန်မာနိုင်ငံရဲတပ်ဖွဲ့၊ ကျန်းမာရေးဌာနမှ တာဝန်ရှိသူများ၊ ကြက်ခြေနီတပ်ဖွဲ့ဝင်များနှင့် လူမှုရေးအသင်းအဖွဲ့များက ဝိုင်းဝန်းကူညီလုပ်ပြီး လိုက်ပါဆောင်ရွက်ပေးခဲ့ကြကြောင်း သိရသည်။

(အပေါ်ဓါတ်ပုံ)

**မြို့နယ်(ပြန်/ဆက်)**

---

**ပုသိမ်ကြီးမြို့နယ်၊ မေတ္တာစေတနာရှင်နာမှုကူညီရေးအသင်းသို့ ကားအလှူရှင် ဦးနှင်းဝေ +ဒေါ်ဥမ္မာ(သား)ကိုညီဆန်း+မမြင့်မြတ်သူအောင်ပြည့်ဖြိုးကဖေးမိသားစုက ကနုတ်ပန်းကားလှူဒါန်းရာ အသင်းဥက္ကဋ္ဌ ဦးမျိုးဝင်းနိုင် အတွင်းရေးမှူး ဦးသောင်းလွင် ဘဏ္ဍာရေးမှူး ဦးအောင်မြင့်တို့က လက်ခံပြီး ဂုဏ်ပြုလက်မှတ်ပြန်လည်ပေးအပ်စဉ်။ (ကဆ)**



---

## တရုတ်နှစ်သစ်ကူး(နှစ်ဦး)အန္တရာယ်ကင်း တရားပွဲကျင်းပ

**မန္တလေး ဖေဖော်ဝါရီ ၇**

၂၀၂၅ခုနှစ် တရုတ်နှစ်သစ်ကူး(နှစ်ဦး)အန္တရာယ်ကင်းတရားပွဲကို ဖေဖော်ဝါရီ ၆ရက် နံနက်ပိုင်း၌ ယူနန်ဗုဒ္ဓဘာသာဘုရားကျောင်း၌ကျင်းပရာ မန္တလေးတိုင်းဒေသကြီး သံဃနာယကအဖွဲ့ဥက္ကဋ္ဌ ဘဒ္ဒန္တတိကိစ္ဆိယာဘိဝံသ အမှူးပြုသော ဆရာတော်သံဃာတော်များ ကြွရောက်ချီးမြှင့်တော်မူကြသည်။ ရှေးဦးစွာ မန္တလေးတိုင်းဒေသကြီး သံဃနာယကအဖွဲ့ဥက္ကဋ္ဌထံမှ ယူနန်ဗုဒ္ဓဘာသာ ဘုရားကျောင်းတာဝန်ရှိသူများက ငါးပါးသီလခံယူ ဆောက်တည်ကြသည်။ ဆက်လက်၍ မန္တလေးတိုင်းဒေသကြီး သံဃနာယကအဖွဲ့ဥက္ကဋ္ဌ ဆရာတော်နှင့် ကြွရောက်တော်မူကြသော ဆရာတော်၊ သံဃာတော်များက အန္တရာယ်ကင်းပရိတ်တရားတော်များ ရွတ်ပွားချီးမြှင့်တော်မူပြီး ယူနန်ဗုဒ္ဓဘာသာဘုရားကျောင်း တာဝန်ရှိသူများက သင်္ကန်းအစရှိသော လှူဖွယ်ပစ္စည်းများ ဆက်ကပ် လှူဒါန်းကြသည်။

ထို့နောက် လှူဒါန်းမှုအစုစုတို့အတွက် တိုင်းဒေသကြီး သံဃနာယကအဖွဲ့ဥက္ကဋ္ဌ ဆရာတော် ရေစက်ချတရား ချီးမြှင့်တော်မူပြီး ဆရာတော် သံဃာတော်များအား နေ့ဆွမ်း ဆက်ကပ်လှူဒါန်းခဲ့ကြောင်း သိရသည်။**(အောက်ပုံ)**

**(မန္တလေးနေ့စဉ်သတင်းအဖွဲ့)**



---

## မန္တလေးတက္ကသိုလ်ကျန်းမာရေးစောင့်ရှောက်မှုကော်မတီသို့ ကျောင်းသား၊ ကျောင်းသူဟောင်းများမှ ငွေလှူဒါန်း

**မန္တလေး ဖေဖော်ဝါရီ ၇**

မန္တလေးတက္ကသိုလ်ကျန်းမာရေး စောင့်ရှောက်မှုကော်မတီမှ ကန်တော့ခံဆရာ၊ ဆရာမကြီးများအား ကျန်းမာရေးနှင့် ပတ်သက်သည့်ကိစ္စရပ်များ စဉ်ဆက်မပြတ်ထောက်ပံ့လျက်ရှိရာ ကျောင်းသား ကျောင်းသူဟောင်းများကလည်း ကျန်းမာရေးငွေပဒေသာပင်များ စိုက်ထူလှူဒါန်းလျက်ရှိသည်။

မန္တလေးတက္ကသိုလ် ကျန်းမာရေး စောင့်ရှောက်မှုကော်မတီသို့ ငွေပဒေသာပင်စိုက်ထူလှူဒါန်းပွဲကို ဖေဖော်ဝါရီ ၆ ရက် နံနက် ၁၀ နာရီက မန္တလေး၊ ချမ်းအေးသာစံမြို့နယ်၊ ၃၄ လမ်းရှိ ပရိယတ္တိသာသနဟိတအသင်းရုံးခန်းတွင် ကျင်းပရာ ချမ်းအေးသာစံမြို့နယ်၊ လမ်း၈၀၊ ၂၇ လမ်းနှင့်၂၈ လမ်းကြားနေ ကိုအိုဒွန်းမိသားစုက ငွေကျပ် သုံးသိန်း လှူဒါန်းရာ ကျန်းမာရေးစောင့်ရှောက်မှုကော်မတီဘဏ္ဍာရေးမှူး ဦးစိုးလွင်က လက်ခံရယူပြီး ဂုဏ်ပြုမှတ်တမ်းလွှာ ပြန်လည်ပေးအပ်ခဲ့သည်။

မန္တလေးတက္ကသိုလ် ကျန်းမာရေး စောင့်ရှောက်မှုကော်မတီအနေဖြင့် အဖွဲ့တည်ထောင်သည့် မေ ၂၃ ရက်မှစ၍ ၂၀၂၅ ခုနှစ် ဇန်နဝါရီ ၃၁ ရက်ထိ ဆရာ၊ ဆရာမကြီး စုစုပေါင်း ၃၃၂ ဦးတို့အား ကျန်းမာရေး စောင့်ရှောက်မှုဂါရဝပြုငွေကျပ် ၅၇၈ သိန်း ပေးအပ်နိုင်ခဲ့ပြီး ဘဏ်တွင် ငွေကျပ် သိန်း ၃၀၀၀ကျော် စုဆောင်းထားရှိကြောင်း သိရသည်။

(ဓါတ်ပုံ)(ဝ၄၅)



# INTERNATIONAL NEWS
# နိုင်ငံတကာသတင်းများ

## အပြည်ပြည်ဆိုင်ရာ ရာဇဝတ်တရားရုံးကို ဒဏ်ခတ်ရန် အမေရိကန်သမ္မတ ဒေါ်နယ်လ်ထရမ့် အမိန့်ထုတ်ပြန်




**ဝါရှင်တန် ဖေဖော်ဝါရီ ၇**

အမေရိကန်နှင့်အလွန်နီးကပ်သော မိတ်ဖက်နိုင်ငံဖြစ်သည့် အစ္စရေးကို ပစ်မှတ်ထားပြီး အထောက်အထားမရှိဘဲ ပြစ်တင်စွပ်စွဲမှုများ ပြုလုပ်နေသည်ဆိုသော အပြည်ပြည်ဆိုင်ရာ ရာဇဝတ်တရားရုံးကို ဒဏ်ခတ်ရန် အမေရိကန်သမ္မတ ဒေါ်နယ်လ်ထရမ့် အမိန့်ထုတ်ပြန်ခဲ့ကြောင်း စီအင်န်အင်န်သတင်းဌာနက ဖော်ပြသည်။

ထရမ့်အနေဖြင့် ထိုအမိန့်ကို အစ္စရေးဝန်ကြီးချုပ် ဘင်ဂျမင် နက်တန်ယာဟု ဝါရှင်တန်သို့ အလည်အပတ်လာရောက်စဉ်က လက်မှတ်ရေးထိုးခဲ့ခြင်း ဖြစ်သည်။

ဂါဇာတွင် အစ္စရေးက စစ်ရာဇဝတ်မှု ကျူးလွန်ခဲ့သည်ဟု စွပ်စွဲကာ နက်တန်ယာဟုကို ဖမ်းဆီးရန် ယင်းတရားရုံးက လွန်ခဲ့သော နိုဝင်ဘာလတွင် အမိန့်ထုတ်ခဲ့သည်။

အပြည်ပြည်ဆိုင်ရာ ရာဇဝတ်တရားရုံးတည်ရှိရာ နယ်သာလန်နိုင်ငံက ထရမ့် ထုတ်ပြန်သော အမိန့်ကို မကျေနပ်ကြောင်း ကြေညာခဲ့သည်။

ထိုတရားရုံးအနေဖြင့် အမေရိကန်အစိုးရနှင့် မိတ်ဖက်များ၏ အရေးကြီးသော နိုင်ငံတကာလုံခြုံရေးနှင့် နိုင်ငံခြားမူဝါဒလုပ်ငန်းများကို ပါထိခိုက်စေသည်ဟု ထရမ့်၏ အမိန့်တွင် ဖော်ပြထားကြောင်း သိရသည်။ **Mon**

0-0-0-0-0

## ရှေ့နေများက ဆီးနိတ်လွှတ်တော်တွင် စစ်ဆေးမည့်အမှုအတွက် ဆာရာဒူတာတေ၏ရှေ့နေများ ပြင်ဆင်နေသည်ဟု ဆို



**မနီလာ ဖေဖော်ဝါရီ ၇**

အောက်လွှတ်တော်အမတ်အများစုက မိမိနှင့်ပတ်သက်၍ တင်သွင်းထားသော စွပ်စွဲချက်များကို မဖတ်ရှုရသေးသော်လည်း မိမိ၏ရှေ့နေများက ဆီးနိတ်လွှတ်တော်တွင် စစ်ဆေးမည့်အမှုအတွက် ပြင်ဆင်နေသည်ဟု ဖိလစ်ပိုင်ဒုတိယသမ္မတ ဆာရာဒူတာတေက ဖေဖော်ဝါရီ ၇ ရက်တွင် ထုတ်ဖော်ပြောကြားလိုက်ကြောင်း စီအင်န်အေသတင်းဌာနက ဖော်ပြသည်။

သတင်းစာရှင်းလင်းပွဲတွင် ၎င်း၏နုတ်ထွက်မှုသည် ရွေးချယ်စရာတစ်ခုဖြစ်နိုင်သလားဟု မေးမြန်းခံရသောအခါ ကျွန်မတို့ အဲဒီအဆင့်ကိုမရောက်သေးပါဘူး။ အဲဒီအရာတွေက ဝေးလံနေသေးတယ်ဟု ဆာရာဒူတာတေက ပြောကြားသည်။

အောက်လွှတ်တော်က ၎င်းကို ဖွဲ့စည်းပုံအခြေခံဥပဒေချိုးဖောက်မှု၊ ခြစားမှု၊ အခြားမြင့်မားသောရာဇဝတ်မှုများနှင့် ပြည်သူ့ယုံကြည်မှုကို သစ္စာဖောက်မှုတို့ဖြင့် စွဲချက်တင်ခဲ့ပြီးနောက် ၎င်းဘက်က ပထမဆုံးအကြိမ် ထုတ်ဖော်ပြောဆိုခြင်း ဖြစ်သည်။

ဒုတိယသမ္မတနှင့် ပညာရေးဝန်ကြီးအဖြစ် တာဝန်ထမ်းဆောင်စဉ်က ပြည်သူ့ငွေများကို အလွဲသုံးစားလုပ်ခဲ့သည်ဟူသော စွပ်စွဲချက်များ၊ ရှင်းလင်းချက်မရှိသော ကြွယ်ဝမှုများ စုဆောင်းခဲ့သည်ဟူသော စွပ်စွဲချက်များ၊ သမ္မတ ဖာဒီနန်မားကို့စ်ဂျူနီယာနှင့် အောက်လွှတ်တော်ဥက္ကဋ္ဌတို့၏ အသက်ကို ခြိမ်းခြောက်ခဲ့သည်ဟူသော စွပ်စွဲချက်များ ဟုတ်မှန်ခြင်းမရှိဟု ၎င်းက ငြင်းဆိုခဲ့ကြောင်း သိရသည်။ **Mon**



## မလေးရှားဘုရင် စူလ်တန်အီဘရာဟင်စူလ်တန်အစ်စကန်ဒါ ဆေးဝါးကုသမှုခံယူရန် နိုင်ငံခြားသို့ ထွက်ခွာ

**ကွာလာလမ်ပူ ဖေဖော်ဝါရီ ၇**

မလေးရှားဘုရင် ဆူလ်တန်အစ်ဘရာဟင်ဆူလ်တန်အစ်စကန်ဒါသည် ဆေးဝါးကုသမှုခံယူရန် နိုင်ငံခြားသို့ ထွက်ခွာသွားပြီဖြစ်သည်ဟု မလေးရှားနိုင်ငံ၏ အမျိုးသားနန်းတော်က ဖေဖော်ဝါရီ ၇ ရက်တွင် နိုင်ငံတော်အစိုးရထံသို့ အသိပေးထားကြောင်း စီအင်န်အင်န်သတင်းဌာနက ဖော်ပြသည်။

ဘုရင်မင်းမြတ် ကျန်းမာရေး ပြန်လည်ကောင်းမွန်၍ စိတ်ချမ်းသာ၊ ကိုယ်ကျန်းမာဖြစ်နိုင်ပါစေမည့်အကြောင်း မလေးရှားနိုင်ငံသားများအားလုံးက ဆုတောင်းပေးရန် မေတ္တာရပ်ခံပါသည်ဟု ကြေညာချက်တွင် ဖော်ပြထားသည်။

အသက် ၆၆ နှစ်အရွယ် ဘုရင် စူလ်တန်အီဘရာဟင်နှင့်အတူ သမီးတော် နှစ်ဦးလိုက်ပါသွားပြီး ဆူဘန်လေတပ်အခြေစိုက်စခန်းမှ လေယာဉ်ဖြင့် ထွက်ခွာသွားခဲ့ခြင်းဖြစ်ကြောင်း သိရသည်။ **Mon**



## ဩစတြေးလျ တွားသွားသတ္တဝါထိန်းသိမ်းသူများ မြေဆွေးပုံထဲမှ အဆိပ်ပြင်းမြွေပွေး ၁၀၂ ကောင်ကို ကယ်တင်

**ကင်ဘာရာ ဖေဖော်ဝါရီ ၇**

ဩစတြေးလျ တွားသွားသတ္တဝါထိန်းသိမ်းသူများသည် ယမန်နေ့က ဆစ်ဒနီမြို့ရှိ အိမ်နောက်ဖေးမြေဆွေးပုံထဲမှ အဆိပ်ပြင်းမြွေပွေး ၁၀၂ ကောင် ကယ်တင်နိုင်ခဲ့ကြောင်း စီအင်န်အေသတင်းဌာနက ဖော်ပြသည်။

ကော်ရီကေရေဝါရိုဆိုသူက ၎င်း၏အိမ်ရှေ့တွင် ခွေးတစ်ကောင်မြွေကိုက်ခံရသည်ကို သတင်းပို့ပြီးနောက် ယင်းတွားသွားသတ္တဝါများကိုကယ်တင်ရန် အကြောင်းဖန်လာခဲ့ခြင်း ဖြစ်သည်။

ဝမ်းနီမြွေပွေးများသည် ဩစတြေးလျတွင် အဖြစ်များဆုံး အဆိပ်ပြင်းမြွေမျိုးစိတ်များထဲမှ တစ်ခုဖြစ်သော်လည်း လူသေဆုံးမှုများကို မဖြစ်စေခဲ့ပေ။

မြွေကြီး ၅ ကောင်နှင့် မြွေပေါက် ၉၇ ကောင်ကို လောလောဆယ် သီးသန့်ခွဲထားပြီး ရာသီဥတုအေးလာပါက အမျိုးသားဥယျာဉ်သို့ ပြန်လည်လွှတ်ပေးမည်ဖြစ်ကြောင်း သိရသည်။ **Mon**

## ဂရိနိုင်ငံ၏ စန်တိုရီနီကျွန်းအနီးရှိ ရေပြင်များတွင် ခုနစ်ရက်အတွင်း ငလျင်တစ်ထောင်ကျော် လှုပ်ရှားခဲ့

**အေသင် ဖေဖော်ဝါရီ ၇**

ဂရိနိုင်ငံ၏ စန်တိုရီနီကျွန်းအနီးရှိ ရေပြင်များတွင် ယမန်နေ့က ငလျင်အချို့ ထပ်မံလှုပ်ရှားခဲ့ပြန်သည်။ တာဝန်ရှိသူများက အရေးပေါ်အခြေအနေကြေညာလိုက်ပြီး နာရီအနည်းငယ်အကြာတွင် ထိုငလျင်များ လှုပ်ရှားခြင်းဖြစ်ကြောင်း ဘီဘီစီသတင်းဌာနက ဖော်ပြသည်။



ယခုသီတင်းပတ်တွင် အလည်အပတ်သွားလာသူများ စုဝေးရာနေရာဖြစ်သည့် စန်တိုရီနီကျွန်း၌ ငလျင်လှုပ်ရှားမှု အကြိမ်ရေများစွာဖြစ်ပွားခဲ့ပြီး ခုနစ်ရက်အတွင်း ငလျင်တစ်ထောင်ကျော်ရှိခဲ့သည်ဟု မှတ်တမ်းတင်ထားရသည်။

စန်တိုရီနီနှင့် အမော်ဂေါစ်ကျွန်းကြားတွင် ဗဟိုပြုလှုပ်ရှားခဲ့သော ငလျင်တစ်ခုမှာ ပြင်းအား ၄ ဒသမ ၆ မဂ္ဂနီကျူဒ်ရှိခဲ့ပြီး နောက်နှစ်နာရီအကြာတွင် ၄ ဒသမ ၂ မဂ္ဂနီကျူဒ်ရှိသော ငလျင်တစ်ခု ထပ်မံလှုပ်ရှားခဲ့သေးသည်။

ဌာနပေါင်းစုံမှ အစီရင်ခံမှုအရ ငလျင်များသည် တစ်မိနစ်လျှင် တစ်ကြိမ်မှတ်တမ်းတင်ရလောက်အောင် များပြားစွာဖြစ်ပွားနေသဖြင့် လူဦးရေ ၁၁၀၀၀ ကျော် စန်တိုရီနီကျွန်းမှ ထွက်ခွာသွားကြပြီဟု ဆိုသည်။

ထိုကျွန်း၏ ငလျင်အန္တရာယ်ကာလသည် မည်သည့်အချိန်တွင် အဆုံးသတ်မည်ဆိုသည်ကို မသိနိုင်ဟု သိပ္ပံပညာရှင်များက သတိပေးထားကြောင်း သိရသည်။ **Mon**

## အမေရိကန်တပ်မတော်က ငှားရမ်းထားသော လေယာဉ်ငယ် ဖိလစ်ပိုင်တောင်ပိုင်းတွင် ပျက်ကျ၊ အနည်းဆုံး လူလေးဦး သေဆုံး



**မနီလာ ဖေဖော်ဝါရီ ၇**

အမေရိကန်တပ်မတော်က ငှားရမ်းထားသော လေယာဉ်ငယ်တစ်စင်းသည် ဖိလစ်ပိုင်တောင်ပိုင်းတွင် ယမန်နေ့က ပျက်ကျခဲ့ပြီး လေယာဉ်ပေါ်ရှိ အနည်းဆုံး လူလေးဦး သေဆုံးခဲ့ကြောင်း စီအင်န်အေသတင်းဌာနက ဖော်ပြသည်။

မင်ဒါနာအိုကျွန်းပေါ်ရှိ လေယာဉ်ပျက်ကျမှုနှင့်ပတ်သက်သော အချက်အလက်များကို ထုတ်ပြန်နိုင်ခြင်းမရှိကြောင်း၊ အကြောင်းအရာသည် လျှို့ဝှက်ထားပြီး စုံစမ်းစစ်ဆေးမှုများ ဆက်လက်လုပ်ဆောင်နေဆဲဖြစ်ကြောင်း ဖိလစ်ပိုင်တပ်မတော်က ထုတ်ပြန်ကြေညာသည်။

အမေရိကန်စစ်သားအနည်းငယ်ကို ဖိလစ်ပိုင်နိုင်ငံတွင် ရက်တိုလည်ပတ်တာဝန်ထမ်းဆောင်စေပြီး၊ အမေရိကန်စစ်တပ်က Mindanao တွင် လှုပ်ရှားနေဆဲဖြစ်သော Islamic State နှင့် ဆက်နွယ်သည့် လက်နက်ကိုင်အဖွဲ့များကို တိုက်ခိုက်နေသည့် စစ်သားများအား ထောက်လှမ်းရေးအချက်အလက်များ ပေးပို့ကူညီပေးခဲ့သည်။

အမ်ပါတူအန်မြို့အနီးရှိ လယ်ကွင်းတစ်ခုတွင် ထိုလေယာဉ်ပျက်ကျရသောအကြောင်းရင်းကို မသိရသေးကြောင်း ဒေသခံရဲတပ်ဖွဲ့ ပြောရေးဆိုခွင့်ရှိသူက ပြောကြားသည်။

သေဆုံးသူ လေးဦးရှိပြီး မည်သူမည်ဝါဖြစ်သည်ကို ခွဲခြားနိုင်ရန် သက်ဆိုင်ရာက ဆက်လက်စုံစမ်းနေဆဲဖြစ်ကြောင်း သိရသည်။ **Mon**



ဂျပန်နိုင်ငံမြောက်ပိုင်းတွင် ဆီးနှင်းများ စံချိန်တင်ကျသဖြင့် ဟော့ကိုင်းဒိုးကျွန်းတစ်နေရာရှိ ကားလမ်းပေါ်တွင် နှင်းဖတ်များအကြား ကားတစ်စင်းပိတ်မိနေစဉ်။ **Mon**

## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဦးတည်ချက်(၉)ရပ်

၁။ နိုင်ငံရေး

(က) စစ်မှန်၍စည်းကမ်းပြည့်ဝသော ပါတီစုံဒီမိုကရေစီစနစ် ခိုင်မာစေရေးနှင့် ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကို အခြေခံသည့် ပြည်ထောင်စုကို တည်ဆောက်နိုင်ရေး။

(ခ) တစ်နိုင်ငံလုံး ထာဝရငြိမ်းချမ်းရေး ရရှိရေးအတွက် တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး သဘောတူစာချုပ် (NCA)ပါအတိုင်း အလေးထားလုပ်ဆောင်ရေး။

(ဂ) ပြည်သူလူထု၏ လူမှုစီးပွားဘဝလုံခြုံရေးအတွက် ပြည်ထောင်စုတစ်ဝန်းလုံး တည်ငြိမ်အေးချမ်းရေးနှင့် တရားဥပဒေစိုးမိုးရေး အပြည့်အဝရရှိစေရန် အလေးထား လုပ်ဆောင်ရေး။

၂။ စီးပွားရေး

(က) တိုင်းပြည်သာယာဝပြောရေးနှင့် စားရေရိက္ခာဖူလုံရေးတို့အတွက် တိုင်းရင်းသားပြည်သူတစ်ရပ်လုံးနှင့် အကျိုးဝင်သော စိုက်ပျိုးရေးနှင့် မွေးမြူရေးကို ခေတ်မီနည်းစနစ်များဖြင့် တိုးတက်အောင်ဆောင်ရွက်ပြီး အခြားစီးပွားရေး ကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး။

(ခ) တိုးတက်ကောင်းမွန်လာသည့်စီးပွားရေးမောင်းနှင်အားကို မထိုင်းပြု၍ MSME စက်မှုလုပ်ငန်းများကို အားပေးဆောင်ရွက်ကာ ပို့ကုန်ကဏ္ဍမြှင့်တင်ရေး။

(ဂ) ပြည်တွင်းစားသုံးဆီဖူလုံရေးအတွက် ဆီထွက်သီးနှံစိုက်ပျိုးမှုကို အားပေးမြှင့်တင်ပြီး ပန်းတိုင်ရည်မှန်းချက်အတိုင်း ထွက်ရှိအောင် ဆောင်ရွက်၍ နိုင်ငံအတွင်း ဖူလုံမှုမှသည် ပြည်ပသို့ တင်ပို့နိုင်သည်အထိ ကြိုးပမ်းဆောင်ရွက်ရေး။

၃။ လူမှုရေး

(က) တစ်နိုင်ငံလုံး အသိပညာ၊ အတတ်ပညာ မြင့်မားတိုးတက်စေရေး၊ ကုန်ထုတ်လုပ်မှု အထောက်အကူပြုပညာရှင်များ ထွန်းကားလာစေရေးအတွက် လူတိုင်းလက်လှမ်းမီသည့် ဘက်စုံပညာရေးစနစ်ကို အကောင်အထည်ဖော်ဆောင်ရေး။

(ခ) တစ်မျိုးသားလုံး သက်ရှည်ကျန်းမာကြံ့ခိုင်ရေးအတွက် ပြည်သူ အားလုံးအကျိုးဝင်မည့် ကျန်းမာရေးကဏ္ဍနှင့် အားကစားကဏ္ဍ မြှင့်တင်ဆောင်ရွက်ရေး။

(ဂ) နိုင်ငံ၏ ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစဉ်များ၌ လူငယ်များ အနေဖြင့် အဓိက စွမ်းအားစုအဖြစ်ပါဝင်နိုင်ရေး ဗလငါးတန်နှင့်ပြည့်စုံသော လူငယ်များဖြစ်စေရန် လူငယ်ကဏ္ဍကို မြှင့်တင်ဆောင်ရွက်ရေး။

❖ ငြိမ်းချမ်းရေးမူဝါဒ(၆)ရပ်ဟာ NCA စာချုပ်ရဲ့ အနှစ်သာရအတိုင်းဖြစ်သလို ခေတ်အဆက်ဆက် ငြိမ်းချမ်းရေး ကြိုးပမ်းမှုသမိုင်းတွေက ရရှိလာတဲ့ "အသိတရား" ဖြစ်ပြီး လက်ရှိငြိမ်းချမ်းရေးတည်ဆောက်မှု ခိုင်မြဲစေဖို့အတွက် လုပ်ဆောင်ရမယ့် "အရှိတရား" လည်း ဖြစ်တယ်...

(နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်၏ ၂၀၂၄ ခုနှစ်၊ မတ်လ ၂၇ ရက်နေ့တွင် ကျင်းပသော (၇၉)နှစ်မြောက် တပ်မတော်နေ့ စစ်ရေးပြအခမ်းအနား တွင် ပြောကြားသည့်မိန့်ခွန်းမှ ကောက်နုတ်ချက်)

# (၇၈)နှစ်မြောက် ရှမ်းပြည်နယ်နေ့ အခမ်းအနားကျင်းပ ဂုဏ်ထူးဆောင်လက်မှတ်နှင့် ဂုဏ်ထူးဆောင်ဆုများ ပေးအပ်ချီးမြှင့်




**တောင်ကြီး ဖေဖော်ဝါရီ ၇**

(၇၈)နှစ်မြောက် ရှမ်းပြည်နယ်နေ့အခမ်းအနားကို ယနေ့နံနက်ပိုင်းတွင် တောင်ကြီးမြို့ အဝေရာမီးပုံးပျံကွင်း၌ ကျင်းပရာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် နယ်စပ်ရေးရာ ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီးရာပြည့်နှင့် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင်များ တက်ရောက်ကြသည်။

အခမ်းအနားတွင် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး သတိုးမဟာသရေစည်သူ သတိုးသီရိသုဓမ္မ မင်းအောင်လှိုင်ထံမှ (၇၈)နှစ်မြောက် ရှမ်းပြည်နယ်နေ့အခမ်းအနားသို့ ပေးပို့သည့် သဝဏ်လွှာကို နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ အဖွဲ့ဝင် ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီးရာပြည့်က ဖတ်ကြားပြီး ပြည်နယ်ဝန်ကြီးချုပ် ဦးအောင်အောင်က (၇၈)နှစ်မြောက် ရှမ်းပြည်နယ်နေ့ မိန့်ခွန်း ပြောကြားသည်။

ထို့နောက် (၇၈)နှစ်မြောက် ရှမ်းပြည်နယ်နေ့ ပြခန်းများကို နိုင်ငံတော် စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီးရာပြည့်၊ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင်များ ဖြစ်သည့် ပိုးရယ်အောင်သိန်း၊ ဒေါက်တာဘရှေ၊ ခွန်စံလွင်၊ ပြည်ထောင်စုဝန်ကြီးများဖြစ်သည့် ဒေါက်တာစိုးဝင်း၊ Jeng Phang နော်တောင်၊ ခွန်သန့်ဇော်ထူး၊ ပြည်နယ်ဝန်ကြီးချုပ် ဦးအောင်အောင်နှင့် အရှေ့ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ် ဇော်မင်းလတ်တို့က ဖဲကြိုးဖြတ် ဖွင့်လှစ်ပေးကြပြီး ဧည့်သည်တော်များက တိုင်းရင်းသားရိုးရာ အစားအစာပြခန်းများ၊ ဌာနဆိုင်ရာပြခန်းများ၊ MSME ပြခန်းများကို လှည့်လည်ကြည့်ရှုအားပေးကြသည်။

ယင်းနောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ အဖွဲ့ဝင်၊ ပြည်ထောင်စုဝန်ကြီးနှင့် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင်များသည် မြို့တော်ခန်းမ၌ ကျင်းပသည့် (၇၈)နှစ်မြောက် ရှမ်းပြည်နယ်နေ့ ဂုဏ်ထူးဆောင်လက်မှတ် ရရှိသူများအား ဂုဏ်ထူးဆောင်ဆုချီးမြှင့်ပွဲသို့ တက်ရောက်ပြီး စီမံခန့်ခွဲရေးဆိုင်ရာထူးချွန်ဆု (ပထမအဆင့်၊ ဒုတိယအဆင့်၊ တတိယအဆင့်) ရရှိသူ ၄၄ ဦးနှင့် လုံခြုံရေးနှင့် တရားဥပဒေစိုးမိုးရေးဆိုင်ရာ ထူးချွန်ဆုရရှိသူ ၁၂ ဦးတို့အား ဂုဏ်ထူးဆောင် လက်မှတ်နှင့် ဂုဏ်ထူးဆောင်ဆုများ ပေးအပ်ချီးမြှင့်သည်။

ဆက်လက်၍ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ အဖွဲ့ဝင် ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီးရာပြည့်က နယ်စပ်ရေးရာဝန်ကြီးဌာနက ပေးအပ်သည့် ရှမ်းပြည်နယ်အတွင်းရှိ ယာယီနေရပ်စွန့်ခွာ ဝန်ထမ်းများနှင့် ပြည်သူများအတွက် ဆိုလာနှင့် အခြေခံစားသောက်ကုန် စုစုပေါင်း တန်ဖိုးငွေကျပ် ၅၃ သန်းကိုလည်းကောင်း၊ ပြည်ထောင်စုဝန်ကြီး Jeng Phang နော်တောင်က အားကစားနှင့် လူငယ်ရေးရာဝန်ကြီးဌာနမှ ပေးအပ်သည့် ရှမ်းပြည်နယ် အားကစားဖွံ့ဖြိုးတိုးတက်ရေးအတွက် အားကစားပစ္စည်းများကို လည်းကောင်း ပေးအပ်ရာ ပြည်နယ်ဝန်ကြီးချုပ်နှင့် ပြည်နယ်လူမှုရေးရာဝန်ကြီးတို့က လက်ခံရယူကြသည်။

ထို့နောက် ရှမ်းပြည်နယ်ဝန်ကြီးချုပ်က လုံခြုံရေးနှင့်တရားဥပဒေစိုးမိုးရေးဆိုင်ရာ ထူးချွန်ဆု (တတိယအဆင့်)၊ မွေးမြူရေး ထူးချွန်ဆု (ပထမအဆင့်၊ တတိယအဆင့်)နှင့် လူမှုထူးချွန် (ပထမအဆင့်) ရရှိသူများအားလည်းကောင်း၊ ပြည်နယ်တရားလွှတ်တော်တရားသူကြီးချုပ်၊ ပြည်နယ်အစိုးရအဖွဲ့ဝန်ကြီးများ၊ ပြည်နယ်ဥပဒေချုပ်နှင့် ပြည်နယ်အစိုးရအဖွဲ့ အတွင်းရေးမှူးတို့က လူမှုထူးချွန်(ပထမအဆင့်၊ ဒုတိယအဆင့်၊ တတိယအဆင့်) ဆုရရှိသူများအားလည်းကောင်း၊ အားကစားထူးချွန်ဆု(တတိယအဆင့်) ရရှိသူများ၊ တာဝန်ထမ်းဆောင်ရာတွင် ပြည်နယ်ဂုဏ်ဆောင်နိုင်ခဲ့ကြသည့်ဌာန၊ အဖွဲ့အစည်းများအားလည်းကောင်း ဂုဏ်ပြုဆုနှင့် ဂုဏ်ပြုမှတ်တမ်းလွှာများ ပေးအပ်ချီးမြှင့်ခဲ့ကြကြောင်း သိရသည်။

**သတင်းစဉ်**

## မြန်မာ့ရုပ်ရှင်ထူးချွန်ဆု ချီးမြှင့်ပွဲအခမ်းအနား တိုက်ရိုက်ထုတ်လွှင့်မည်

**နေပြည်တော် ဖေဖော်ဝါရီ ၇**

၂၀၂၄ ခုနှစ်အတွက် မြန်မာ့ရုပ်ရှင်ထူးချွန်ဆု ချီးမြှင့်ပွဲအခမ်းအနားကို ၂၀၂၅ ခုနှစ် ဖေဖော်ဝါရီ ၉ ရက်(တနင်္ဂနွေနေ့) ညနေ ၆ နာရီတွင် နေပြည်တော်ရှိ မြန်မာအပြည်ပြည်ဆိုင်ရာ ကွန်ဗင်းရှင်းဗဟိုဌာန(၁)MICC(I)၌ ခမ်းနားထည်ဝါစွာ စီစဉ်ကျင်းပသွားမည်ဖြစ်သည်။

အဆိုပါ အခမ်းအနား ကျင်းပပုံများကို ယင်းနေ့ ညနေ ၄ နာရီခန့်မှစတင်၍ မြန်မာ့အသံနှင့်ရုပ်မြင်သံကြား၏ ရုပ်သံလိုင်းများဖြစ်သော MRTV-HD၊ MRTV Farmers'၊ MRTV Sports၊ MRTV Parliament နှင့် အကျိုးတူပူးပေါင်းဆောင်ရွက်လျက်ရှိသည့် ရုပ်သံလိုင်းများဖြစ်သော MRTV-4၊ Channel-7၊ 5 Plus၊ Channel-9၊ MNTV၊SKY Premier Channel၊ Fortune Channel၊ Channel K၊ M Entertainment Channel တို့အပြင် မိတ်ဖက်ရုပ်သံလိုင်းများဖြစ်သော MWD-HD Channel၊MWD Variety-HD Channel တို့မှလည်းကောင်း၊ မြန်မာ့အသံရေဒီယိုနှင့် အကျိုးတူပူးပေါင်းဆောင်ရွက်လျက်ရှိသည့် FM များဖြစ်ကြသော ပတ္တမြား၊ ချယ်ရီ၊ မန္တလေး၊ ပဉ္စဝတီ၊ ရွှေ၊ ပုဂံတို့အပြင် မိတ်ဖက် FM ဖြစ်သည့် Star နှင့် သဇင်တို့မှလည်းကောင်း၊ MOI Website၊ MOI Youtube၊ MRTV Website၊ MRTV App: Radio App: နှင့် Mahar Youtube Channel၊ Htv Facebook နှင့် Hey Play Facebook Page အပါအဝင် Online Media တို့မှလည်းကောင်း တိုက်ရိုက်(LIVE)ထုတ်လွှင့်ပြသမည်ဖြစ်သည်။

ထိုသို့ MRTV HD Channel မှ တိုက်ရိုက်ထုတ်လွှင့်မှုကြောင့် ပုံမှန်သတင်းချိန်များဖြစ်သော ညနေ ၄ နာရီ၊ ညနေ ၆ နာရီနှင့် ည ၈ နာရီတို့တွင် ထုတ်လွှင့်လျက်ရှိသည့် သတင်းများအား MRTV News Channel မှ ဆက်လက်ထုတ်လွှင့်သွားမည်ဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**